# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ၃၂ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

# (၅-၁၀-၂၀၁၁)

အချိန် ၊၁၀း ၂၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၃၂ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၇.၂၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ်၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။မွန်ပြည်နယ်၊ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်သည် မိသားစုကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်လျက်ရှိသော ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဒေါက်တာစိုးမိုးအောင်၏ကိုယ်စား ကျွန်တော်မှ လေးစားစွာဖြင့် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ဦးစွာဦးအောင်မြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်အား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနနဲ့စပ်လျဉ်းပြီး မေးမြန်းဆွေးနွေးလိုခြင်းဖြစ်ပါ တယ်။ ကျွန်တော့်ရဲ့မေးမြန်းဆွေးနွေးမှုအား စာဖြင့်ဖတ်ကြားဆွေးနွေးခွင့်ပြုပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့မှာ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနမှ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှာ စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒေသခံပြည်သူများကလည်း ဝမ်းသာကြည်နူး မဆုံးဖြစ်ခဲ့ကြရပါတယ်။ နိုင်ငံတော်နဲ့ဝန်ကြီးဌာနအား ကျေးဇူးတင်မဆုံးဖြစ်နေကြပါတယ်။ ယခုအခါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှာ ကျောင်းသားပေါင်း ၁၂၇ ဦးရှိပြီး ဆရာ၊ ဆရာမပေါင်းမှာ ၃၈ ဦး ရှိတဲ့အတွက် ဆရာနဲ့ ကျောင်းသားအချိုးမှာ ၁း၄ ခန့်ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်း တက်ရောက်ခွင့်ရရန် တက္ကသိုလ်ဝင်တန်းအောင် အမှတ်ပေါင်းဟာ ၃၂၀ အနည်းဆုံးရရှိမှသာ တက်ရောက်ခွင့်ရကြရတဲ့အတွက်လည်းပဲ ကျောင်းမှာကျောင်းသားဦးရေ

နည်းပါးရခြင်းလည်းတစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒေသမှအင်ဂျင်နီယာပညာသင်ယူလိုကြတဲ့ အမှတ်မမီတဲ့ကျောင်းသားများမှာ အခက်အခဲနှင့်ကြုံကြရပါတယ်။

လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့နယ်များမှ တစ်နှစ်လျှင် ၈တန်းအောင်ကျောင်းသားပေါင်းဟာ ၂၀၀၀ ကျော်ခန့်ရှိပါတယ်။ အင်ဂျင်နီယာပညာဟာ လက်တွေ့လူမှုဘဝနယ်ပယ်မှာ များစွာအကျိုးပြုတဲ့ပညာရပ်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက်ပါ အဓိကကျလျက်ရှိပါတယ်။ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်းအနေဖြင့် ၈တန်းအောင်အမှတ် ကန့်သတ်ထားခြင်းမရှိတဲ့အတွက် အင်ဂျင်နီယာပညာအားသင်ယူလိုတဲ့ကျောင်းသားများအတွက် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါတယ်။ ကြိုးစားပါက အစိုးရစက်မှုလက်မှုသိပ္ပံကိုလည်း ဆက်လက်ပညာဆည်းပူးရန် တက်ရောက်ခွင့်ရကြမှာဖြစ်လို့ အထူးစိတ်ဝင်စားကြခြင်းလည်းဖြစ်ပါတယ်။ ယခုလို အသက်မွေးဝမ်းကျောင်းပညာဖြစ်တဲ့ အင်ဂျင်နီယာပညာတတ်မြောက်ထားပါက အလုပ်အကိုင်အခွင့်အလမ်းများပေါ်များပြီး စားဝတ်နေရေးအတွက် စိတ်အေးကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်မှာလည်း လက်မှုလယ်ယာမှ စက်မှုလယ်ယာခေတ်ကို သွားတဲ့အခါမှာ ပြည်သူများဟာလည်း စက်မှုပညာတွေကို နားလည်တတ်ကျွမ်းမှသာ အောင်မြင်မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှာ မြေဧရိယာ ဧက ၅၇ ဧကရှိပြီး စာသင်ဆောင် ၃ ဆောင်နဲ့ ဆရာ၊ ဆရာမဆောင် ၂ ဆောင်ရှိပြီးဖြစ်ပါတယ်။ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်းဖွင့်နိုင်ဖို့အတွက် စာသင်ဆောင်တစ်ဆောင်သာ လိုအပ်မှာဖြစ်ကြောင်းနှင့် မြေနေရာကျယ်ဝန်းစွာရှိကြောင်း လေ့လာသိရှိရပါတယ်။ ဆရာ၊ ဆရာမများနေရေးအတွက်ကိုလည်း ဒေသမှကူညီပံ့ပိုးလျက်ရှိပါတယ်။ ဒေသခံမိဘပြည်သူများမှလည်း မိမိရဲ့သားသမီးများကို ၈တန်းအောင်ပါက လက်တွေ့လူမှုဘဝနယ်ပယ်မှာ အသုံးဝင်တဲ့အင်ဂျင်နီယာပညာကို သင်ကြားခွင့်ရရှိနိုင်တဲ့ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်းအား ဂန့်ဂေါမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှာ နိုင်ငံတော်အနေဖြင့် ဖွင့်လှစ်ပေးစေလိုကြကြောင်း ဆန္ဒများပြင်းပြလျက်ရှိကြပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှာ ဆရာ၊ ဆရာမများလည်း အလုံအလောက်အဆင်သင့်ရှိပြီးဖြစ်ပါတယ်။ တက်ရောက်လိုသော ၈တန်းအောင်ကျောင်းသားဦးရေဟာလည်း များပြားမှာဖြစ်ပါတယ်။ ဒေသနဲ့နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်မယ့် အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးခြင်း

လည်းဖြစ်ပါတယ်။ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲရာတွင်လည်း အထောက်အကူဖြစ်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ နံပါတ်(၁) ဂန့်ဂေါမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှာ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိပါသလား။ နံပါတ်(၂) အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း ဖွင့်လှစ်ရန်အစီအစဉ်ရှိပါက ဖွင့်လှစ်ပေးမည့်အချိန်ကာလအား သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အခုအစည်းအဝေးကိုတက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ဖြစ်ပါတယ်။ ဒီပြည်သူ့လွှတ်တော်အစည်းအဝေးမှာ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်မေးထားတဲ့ ဂန့်ဂေါမြို့က အစိုးရစက်မှုလက်မှုသိပ္ပံ AGTI ကျောင်းမှာ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း ဖွင့်လှစ်ပေးဖို့ အစီအစဉ်ရှိပါသလား။ ဖွင့်လှစ်ဖို့အစီအစဉ်ရှိခဲ့ရင် ဖွင့်လှစ်ပေးနိုင်မယ့်အချိန်ကာလကို သိရှိလိုကြောင်းမေးမြန်းချက်ကို သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ်တည်ဆောက်ရာမှာ အဓိကအခန်းကဏ္ဍဖြစ်တဲ့ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်ဖို့အတွက် လက်ရှိအချိန်မှာ နည်းပညာတက္ကသိုလ် ၃၁ ခု၊ လေကြောင်းနဲ့ အာကာသပညာတက္ကသိုလ် ၁ ခု၊ အစိုးရနည်းပညာကောလိပ် ၄ ခု၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၁၀ ခုနဲ့ အစိုးရနည်းပညာ အထက်တန်းကျောင်း ၃၆ ခု၊ စုစုပေါင်းနည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနဲ့ကျောင်း ၈၂ ခုနဲ့ ကွန်ပျူတာတက္ကသိုလ် ၂၅ ခုကို ဖွင့်လှစ်ပြီးတော့ အင်ဂျင်နီယာနဲ့နည်းပညာအတတ်ပညာရှင်၊ ကွန်ပျူတာပညာရှင်တွေကို သင်ကြားမွေးထုတ်ပေးလျက်ရှိပါတယ်။ လက်ရှိအချိန်မှာ မကွေးတိုင်းဒေသကြီးအတွင်းမှာနည်းပညာတက္ကသိုလ်(မကွေး)၊ နည်းပညာတက္ကသိုလ်(ပခုက္ကူ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)နဲ့ အစိုးရစက်မှုလက်မှုသိပ္ပံ (ဂန့်ဂေါ) တို့ကိုဖွင့်လှစ်ပြီးတော့ အင်ဂျင်နီယာနဲ့ စက်မှုအတတ်ပညာရှင်တွေကိုမွေးထုတ်ပေးလျက်ရှိသလိုပဲ အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)နဲ့ အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ) တို့ကိုဖွင့်လှစ်ပြီးတော့ အင်ဂျင်နီယာနဲ့ စက်မှုအတတ်

ပညာဆိုင်ရာ အခြေခံကျွမ်းကျင်သင်တန်းတွေကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ နည်းပညာတက္ကသိုလ်များနဲ့ အစိုးရစက်မှုလက်မှုသိပ္ပံတွေမှာ ယခုလက်ရှိပညာသင်နှစ်မှာ AGTI ပထမနှစ်သင်တန်းသား ၂၀၅၄ ဦး ၊AGTI ဒုတိယနှစ်သင်တန်းသား ၁၅၅၇ ဦး ၊ B .Tech ပထမနှစ်သင်တန်းသား ၉၁၅ ဦး ၊ B .Tech ဒုတိယနှစ်သင်တန်းသား ၈၁၃ ဦးနဲ့ B.E သင်တန်းသား ၈၉၆ ဦး၊ စုစုပေါင်းသင်တန်းသား ၆၂၃၅ ဦးတက်ရောက် ပညာသင်ကြားလျက်ရှိပါတယ်။ အလားတူပဲ၊ လက်ရှိပညာသင်နှစ်မှာ မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)မှာ ပထမနှစ် သင်တန်းသား ၈၃ ဦးနဲ့ ဒုတိယနှစ်သင်တန်းသား ၁၁၁ ဦး၊ စုစုပေါင်းသင်တန်းသား ၁၉၄ ဦးရှိပြီးတော့ နည်းပညာအထက်တန်းကျောင်း (ပခုက္ကူ)မှာ ပထမနှစ်သင်တန်းသား ၅၀ ဦးနဲ့ ဒုတိယနှစ် သင်တန်းသား ၅၅ ဦး၊ စုစုပေါင်းသင်တန်းသား ၁၀၅ ဦးရှိတဲ့အတွက် မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အစိုးရနည်းပညာ အထက်တန်းကျောင်းများမှာ စုစုပေါင်းသင်တန်းသား ၂၉၉ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ယခုပညာသင်နှစ်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ (ဂန့်ဂေါ)မှာ မြို့ပြအင်ဂျင်နီယာသင်တန်း၊ အီလက်ထရောနစ် အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာသင်တန်း၊ စက်မှုအင်ဂျင်နီယာသင်တန်းစတဲ့သင်တန်း(၄)မျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်ကြားရေးဆရာ၊ ဆရာမ ၃၈ ဦးက ပထမနှစ်သင်တန်းသား ၄၅ ဦးနဲ့ ဒုတိယနှစ် သင်တန်းသား ၈၂ ဦး၊ စုစုပေါင်းသင်တန်းသား ၁၂၇ ဦးကို အင်ဂျင်နီယာပညာရပ်များ သင်ကြားပို့ချပေးလျက်ရှိပါတယ်။ ဒါ့အပြင် မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဂန့်ဂေါမြို့နယ်နဲ့ ဆက်စပ်ပြီး မော်တော်ကားလမ်း၊ ရထားလမ်းများဖြင့် အလွယ်တကူဆက်သွယ်သွားလာနိုင်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက ကလေးမြို့မှာ နည်းပညာတက္ကသိုလ်(ကလေး)နဲ့ အစိုးရနည်းပညာအထက်တန်းကျောင်း (ကလေး)တို့ကိုဖွင့်လှစ်ပြီးတော့ အင်ဂျင်နီယာအတတ်ပညာများကို သင်ကြားပို့ချပေးလျက်ရှိပါတယ်။ ကျွန်တော်တို့လေ့လာသိရှိချက်များအရ ၂၀၁၀-၂၀၁၁ ခု ပညာသင်နှစ်မှာ ကလေးမြို့နယ်အတွင်းမှာ အခြေခံပညာအလယ်တန်းအောင် ကျောင်းသား၊ ကျောင်းသူအရေအတွက် ၄၇၀၀ ကျော်ရှိတဲ့အနက်က ၄၇ ဦးပဲ အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး)မှာ တက်ရောက်သင်ကြားနေတဲ့အတွက် အခြေခံပညာအလယ်တန်းအောင်မြင်သူများရဲ့ ၁ ရာခိုင်နှုန်းလောက်ပဲ အခြေခံအင်ဂျင်နီယာပညာရပ်တွေကိုတက်ရောက်သင်ကြားနေကြောင်းတွေ့ရှိရပါတယ်။ ဒီအစိုးရနည်းပညာအထက်တန်းကျောင်း (ကလေး)မှာ ပထမနှစ်ကျောင်းသားဦးရေ အနည်းဆုံး ၂၀၀ လောက်ကို လက်ခံသင်ကြားပေးနိုင်တဲ့အတွက် ယခုတက်ရောက်နေတဲ့ ကျောင်းသားဦးရေဟာ လက်ခံနိုင်တဲ့ကျောင်းသားအင်အားထက် အများကြီးလျော့နည်းနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ အင်ဂျင်နီယာပညာရပ်များရဲ့ သဘောသဘာဝ

အရ ကျောင်းသားတွေကို လက်တွေ့အသုံးချနိုင်တဲ့အထိ နားလည်တတ်ကျွမ်းအောင် သင်ကြားပို့ချပေးနိုင်ဖို့အတွက် ဆရာနဲ့ကျောင်းသား အချိုးညီညွတ်မျှတမှုနဲ့ လိုအပ်တဲ့သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းပေးမှုစတာတွေကို ဟန်ချက်ညီညီဆောင်ရွက်ပေးဖို့ လိုအပ်သလို နည်းပညာကျောင်းတစ်ကျောင်းကို ထိထိရောက်ရောက်နဲ့ အကျိုးရှိရှိဖွင့်လှစ်ပေးနိုင်ဖို့ စဉ်းစားတဲ့နေရာမှာ အခုကျွန်တော်ဖော်ပြခဲ့တဲ့အချက်များကိုသာမက သက်ဆိုင်ရာနယ်မြေဒေသမှာရှိတဲ့ အလယ်တန်းနဲ့တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားအရေအတွက်နဲ့ အဆင့်၊ သင်ကြားပေးသင့်တဲ့ အထူးပြုဘာသာရပ်များ၊ ကျောင်းအဆောက်အဦနဲ့ ရေ၊ မီး ရရှိနိုင်မှုအခြေအနေ စတဲ့အချက်တွေကိုပါ ထည့်သွင်းစဉ်းစားရပါတယ်။ လက်ရှိအချိန်မှာ မကွေးတိုင်းဒေသကြီးအတွင်းမှာ နည်းပညာတက္ကသိုလ် ၂ ခု၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၃ ခုနဲ့ အစိုးရနည်းပညာအထက်တန်းကျောင်း ၂ ခုတို့ကို ဖွင့်လှစ်ပေးထားပြီးဖြစ်လို့ ဂန့်ဂေါ၊ ထီးလင်းနဲ့ ဆောမြို့နယ်တွေက တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားတွေအနေနဲ့ ဒီနည်းပညာတက္ကသိုလ်နဲ့သိပ္ပံတွေမှာ အင်ဂျင်နီယာပညာရပ်တွေကို သင်ယူလေ့လာနိုင်ပြီးဖြစ်တဲ့အပြင် ဒီဒေသတွေက အခြေခံပညာအလယ်တန်းအောင် ကျောင်းသားများဟာလည်း မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မကွေးမြို့၊ ပခုက္ကူမြို့နဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွေမှာ ဖွင့်လှစ်ထားပြီး ကျောင်းသားအရေအတွက်နည်းသေးတဲ့ အစိုးရနည်းပညာအထက်တန်းကျောင်းတွေမှာ အင်ဂျင်နီယာပညာရပ်တွေကိုစပြီးသင်ကြားနိုင်တဲ့အတွက် ဂန့်ဂေါမြို့မှာ အစိုးရနည်းပညာအထက်တန်းကျောင်းကို လောလောဆယ်ဖွင့်လှစ်ပေးဖို့အစီအစဉ်မရှိသေးပါကြောင်းနဲ့ လိုအပ်လို့အခြေအနေပေးလာတဲ့အချိန်မှာလက်ရှိအစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)မှာ အစိုးရနည်းပညာအထက်တန်းကျောင်းကိုပါ ပူးတွဲဖွင့်လှစ်ပေးသွားနိုင်ဖို့အတွက် စဉ်းစားဆောင်ရွက်ပေးနိုင်မယ့် အခြေအနေရှိနိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်၊ သာယာဝတီမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(သာယာဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်များ အားလုံးမင်္ဂလာပါလို့ ဆုတောင်းမေတ္တာ ပို့သရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သွေးနှောနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောသူများအား ခရိုင်အဆင့်ဖြင့် နိုင်ငံသားမှတ်ပုံတင်ကတ် ထုတ်ပေးနိုင်ပါရန် မေးမြန်းခြင်းဖြစ်ပါတယ်။ နိုင်ငံသားဟုဆိုရာမှာ တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူများအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း ဥပဒေအာဏာတည်

သည့်ဥပဒေတွင် နိုင်ငံသားအဖြစ်ပြည်သူများ အားလုံးသည် နိုင်ငံသားဖြစ်သည်ဟုဆိုထားပါတယ်။ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားအဖြစ်မှရပ်စဲခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်း ဆိုသည်များသည် နိုင်ငံတော်အတွက် အထူးအရေးကြီးသောကိစ္စဖြစ်ပါသည်။ နိုင်ငံသားအဖြစ်မပြု သင့်မပြုထိုက်သောပုဂ္ဂိုလ်တစ်ဦးအား နိုင်ငံသားပြုခွင့်ပေးမိပါက နိုင်ငံတော်အတွက် ရေရှည်မှာ အန္တရာယ်ဖြစ်နိုင်သလို နိုင်ငံသားအဖြစ်ရပ်စဲခြင်း၊ နိုင်ငံသားအဖြစ် ရုပ်သိမ်းခြင်း၊ မပြုသင့်မပြုထိုက်သော ပုဂ္ဂိုလ်တစ်ဦးအား နိုင်ငံသားအဖြစ် ရုပ်သိမ်းပါကလည်း ထိုပုဂ္ဂိုလ်အတွက် နစ်နာဆုံးရှုံးမှုများရှိသလို နိုင်ငံတော်အတွက်လည်း ဆုံးရှုံးမှုဖြစ်နိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားအဖြစ် မှတ်ပုံတင်ခွင့် ပြုရာမှာ တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူများနှင့် သွေးနှောနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ ဟူ၍ရှိရာမှာ သွေးနှောနိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသူများသည် နိုင်ငံသားဖြစ်ခြင်းဥပဒေပုဒ်မ ၆ နဲ့ ပုဒ်မ ၇ အရ အမှန်တကယ်စိစစ်ပြီးသော နိုင်ငံသားများဖြစ်ပါက နိုင်ငံသားပြုခြင်းစိစစ်ရေး မှတ်ပုံတင် ကတ်ပြားထုတ်ပေးရာမှာ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများကဲ့သို့ အချိန်နှင့်တစ်ပြေးညီပြီးစီး နိုင်ရန်အတွက် ခရိုင်အဆင့်မှ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးပါက ပြည်သူများအတွက်ပို၍ အဆင်ချောမွေ့မည်ဖြစ်ပါသည်။ သို့အတွက်ကြောင့် ခရိုင်အဆင့်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိ ကိုသိလိုပါ၍ မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်ရီ(ပြည်ထောင်စုဝန်ကြီး၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီး ကျွန်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးမြန်းချက်မှာ သွေးနှောနိုင်ငံသားမိဘများမှမွေးဖွားသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရာမှာ ပိုပြီးမြန် ဆန်နိုင်ဖို့အတွက် တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားသူတွေလိုပဲ ခရိုင်အဆင့်က ခွင့်ပြုချက်နဲ့ ထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိ ဆိုတာကို မေးမြန်းထားတာဖြစ်ပါတယ်။ ဒီမေးမြန်းချက်မှာ တိုင်းရင်းသား မိဘနှစ်ပါးကမွေးဖွားတဲ့ မွေးရာပါနိုင်ငံသားတွေအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်ပုံစနစ်နှင့် သွေးနှောနိုင်ငံသားမိဘနှစ်ပါးက မွေးဖွားသူတွေအတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပုံစနစ်ဆိုတဲ့ အချက်နှစ်ချက်ကို ခွဲခြား

ရှင်းလင်းသွားရမှာဖြစ်ပါတယ်။ ဒီအချက်နှစ်ချက်ဟာ ဥပဒေပါမတူကွဲပြားနေတဲ့ သဘာဝပေါ်မူတည်ပြီး အချိန်ယူစိစစ်ရတဲ့လုပ်ငန်းစဉ်ကွာခြားရခြင်းဖြစ်ပါကြောင်းလည်း ကနဦးအဆင့်တင်ပြရခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် မေးခွန်းရှင်က တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်၊ နိုင်ငံသားဥပဒေအာဏာတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည် စတဲ့အချက်များကိုထည့်သွင်းရည်ညွှန်းပြောဆိုထားတာဖြစ်တဲ့အတွက် ဒီဖော်ပြချက်များဟာ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၅ နဲ့ ၆ တို့ကိုရည်ညွှန်းပြောဆိုနေခြင်းဖြစ်တာကြောင့် ဒီပုဒ်မတွေရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်တွေနဲ့ပါဆက်စပ်ပြီး အကျဉ်းချုံးရှင်းလင်း ပြောကြားသွားရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော် ကနဦးရှင်းပြလိုတဲ့အချက်က ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၅ မှာ တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း၊ မွေးရာပါနိုင်ငံသားဖြစ်သည်လို့ ဖော်ပြထားပါတယ်။ တစ်ခါတိုင်းရင်းသားဖြစ်သည်ဆိုတဲ့ အဓိပ္ပါယ်ရှင်းလင်းချက်ကိုလေ့လာကြည့်မယ်ဆိုရင်လည်း ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၃ မှာ နိုင်ငံတော်မှာပါဝင်တဲ့နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ်မတိုင်မီကာလကစလို့ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ စတဲ့ တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားဖြစ်သည်လို့ ဖော်ပြထားတဲ့အတွက်ကြောင့် ဥပဒေပါတိုင်းရင်းသားလို့သတ်မှတ်ထားတဲ့ တိုင်းရင်းသားလူမျိုးတွေ အဲဒီတိုင်းရင်းသား မိဘနှစ်ပါးက မွေးဖွားတဲ့သူတွေ၊ တိုင်းရင်းသားလို့အသိအမှတ်ပြုထားတဲ့ တိုင်းရင်းသားမျိုးနွယ်စု မိဘနှစ်ပါးက မွေးဖွားလာသူတွေဟာ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၅ အရ မွေးရာပါနိုင်ငံသားများဖြစ်တယ်လို့ ဥပဒေက အဓိပ္ပါယ်ဖွင့်ဆိုထားပြီး မေးခွန်းရှင်ကလည်း ဒီအချက်ကိုရည်ညွှန်းကိုးကားဖော်ပြထားတာကိုတွေ့ရပါတယ်။ ဒါကြောင့် သူတို့တွေဟာ မွေးရာပါနိုင်ငံသားတွေဖြစ်ကြလို့ နိုင်ငံသားအဖြစ်ရရှိဖို့ ထပ်မံလျှောက်ထားရန် မလိုအပ်တော့ပါ။ ဒ့ါအပြင် မဟုတ်မမှန်ဖော်ပြခြင်းသို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ကို ရရှိပါက နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းခံရမည့်အပြင် ထောင်ဒဏ် ၁၀ နှစ်နှင့် ငွေကျပ်ဒဏ်ငွေ ၅၀၀၀၀ ကျခံစေရမည်ဆိုတဲ့ ပုဒ်မ ၁၈ အရလည်း နိုင်ငံသားအဖြစ်က ရုပ်သိမ်းလို့မရသူများဖြစ်ပါကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ ယခင်ကတော့ အဲဒီနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားတဲ့ နိုင်ငံသားတွေကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ခရိုင်မှူးအဆင့်အထိ အဆင့်ဆင့်တင်ပြစိစစ်ခွင့်ပြုချက်နဲ့ ထုတ်ပေးခဲ့ပါတယ်။ ယခု အစိုးရအဖွဲ့သစ်လက်ထက်မှာတော့ ဆက်စပ်တဲ့သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း

ပေါင်းစပ်ပြီး ဥပဒေနှင့်အညီ လွယ်ကူလျှင်မြန်စွာထုတ်ပေးနိုင်ဖို့ ဖြေလျှော့တဲ့စနစ်ကိုသုံးပြီးအခြေခံကျတဲ့မြို့နယ်မှူးအဆင့်ကပဲ စိစစ်ခွင့်ပြုချက်နဲ့ ထုတ်ပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒါကို ဒီကိစ္စမှာ မြန်ဆန်မှုရှိလာတယ်လို့ မေးခွန်းရှင်က ဖော်ပြခဲ့တာဖြစ်နိုင်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒုတိယအချက်အနေနဲ့ မေးခွန်းရှင်မေးမြန်းထားတဲ့ သွေးနှောနိုင်ငံသားမိဘနှစ်ပါးက မွေးဖွားသူများအတွက် ဆောင်ရွက်ပေးရတဲ့စနစ်ကျတော့ အထက်က ကျွန်တော်တို့ လုပ်ပေးတာနဲ့သဘာဝအရ အနည်းငယ်ခြားနားမှုရှိနေပါကြောင်းပြောကြားလိုပါတယ်။ အဲဒီအချက်နဲ့ပတ်သက်လို့ မေးမြန်းချက်မှာ ရည်ညွှန်းပြောဆိုခဲ့တဲ့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၆ မှာ ဤဥပဒေ အာဏာတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်ဟု ဆိုထားတဲ့အတွက် အဲဒီဥပဒေအာဏာတည်တဲ့ ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ နိုင်ငံသားအဖြစ် အသိအမှတ်ပြုပြီးသူတွေဟာ နိုင်ငံခြားလူမျိုးစစ်စစ်များ၊ တိုင်းရင်းသားနှင့် နိုင်ငံခြားလူမျိုး သွေးနှောများမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားအဖြစ်ရရှိဖို့ လျှောက်ထားပြီးမှ ဥပဒေအရ နိုင်ငံသားဖြစ်လာသူများကို ရည်ညွှန်းဆိုလိုခြင်းဖြစ်ပါတယ်။ ကျွန်တော် အထက်ကတင်ပြခဲ့တဲ့ မွေးရာပါနိုင်ငံသားများ မဟုတ်ကြပါ။ မွေးရာပါနိုင်ငံသားများမဟုတ်တဲ့အတွက် မဟုတ်မမှန်ဖော်ပြခြင်း၊ ဖုံးကွယ်ခြင်းများကြောင့် နိုင်ငံသားအဖြစ်ရရှိအောင် ဆောင်ရွက်ခြင်းဟုတ်၊ မဟုတ်စတာတွေ ကိုစိစစ်နိုင်ဖို့ မျိုးရိုးစဉ်ဆက် ဇယား၊ မွေးဖွားရာဒေသ၊ ဇာတိ၊ ရပ်ရွာ၊ ထောက်ခံချက်ပေးရမည့် အဖွဲ့အစည်းစသည်တို့နဲ့ အကျုံးဝင်တဲ့ ကျွန်တော်အထက်ကတင်ပြခဲ့သော ပုဒ်မ ၁၈ ပါအချက်များကို ထပ်မံစစ်ဆေးအတည်ပြုရန် လိုအပ်တဲ့အတွက် အဲဒီဖြစ်စဉ်မှာတော့ အချိန်ယူဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်များပါရှိနေကြောင်း တင်ပြလိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးကလည်း မေးခွန်းအစမှာကတည်းက နိုင်ငံသားပြုခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားအဖြစ်မှရပ်စဲခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စများဟာ နိုင်ငံအတွက်အထူးအရေးကြီးသော ကိစ္စများဖြစ်ခြင်းကြောင့် နိုင်ငံသားအဖြစ် မပြုသင့်မပြုထိုက်သူတစ်ဦးဦးအား နိုင်ငံသားအဖြစ် လက်ခံမိပါက နိုင်ငံအတွက် ရေရှည်မှာ အန္တရာယ်များပြီးအကျိုးမရှိဖြစ်သွားနိုင်ပါတယ်လို့ လက်ခံအတည်ပြုပြောဆိုခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒီလိုမဟုတ်မမှန်ဖော်ပြခြင်းများ ရှိမနေစေဖို့အတွက် အချိန်ယူပြီးစစ်ဆေးတာဝန်ခံရတဲ့ လုပ်ငန်းစဉ်တွေဖြစ်တာ ကြောင့် စစ်ဆေးတာဝန်ခံရတဲ့သူဟာ ဥပဒေရေးရာအရထိုက်သင့်တဲ့ အတွေ့အကြုံရှိဖို့လိုအပ်ပါတယ်။ ဒါ့အပြင်တိုင်းနယ်မြေတစ်ခုအတွင်းမှာ မျိုးရိုးစဉ်ဆက် အတည်ပြုရတဲ့ကိစ္စတွေကို မြို့နယ်/ခရိုင်အဆင့်အားလုံးကိုချိတ်ဆက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်အတည်ပြု လုပ်ကိုင်နိုင်တဲ့စွမ်းအားနှင့်

လုပ်ပိုင်ခွင့်များလည်းရှိဖို့ အမှန်တကယ်လိုအပ်နေတာကြောင့် လက်ရှိအခြေအနေမှာတော့ မေးခွန်းရှင်တင်ပြခဲ့တဲ့ ပုဒ်မ ၆ အရ စိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းမှာ မမှားမယွင်း ရအောင်အဲဒီစွမ်းရည်၊ လုပ်ပိုင်ခွင့်၊ ဥပဒေရေးရာ အတွေ့အကြုံရှိတဲ့ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးအဆင့်ကို တာဝန်ခံလက်မှတ်ရေးထိုး ထုတ်ပေးစေခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အလျဉ်းသင့်လို့ အခုလို တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် စိစစ်အာမခံထုတ်ပေးစေရတဲ့ နောက်ခံအချို့ကိုလည်း အနည်းငယ်တင်ပြလိုပါတယ်။ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကာလမှာ နိုင်ငံသားတိုင်း မဲပေးနိုင်ရေး အတွက် ၁၉၈၉-၁၉၉၀ ခုနှစ်၊ အဲဒီကာလတွေမှာစီမံချက်နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို ဖြေလျှော့တဲ့ စနစ်နဲ့ ထုတ်ပေးရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ဆောင်ရွက်ရာမှာ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူအချို့နဲ့ တိုင်းရင်းသားမဟုတ်သူအချို့က လူမျိုးအမှန်နှင့်အချက်အလက်မှန်များဖုံးကွယ်ပြီး တိုင်းရင်းသားလူမျိုးတစ်မျိုးမျိုးအဖြစ် မဟုတ်မမှန်ဖော်ပြလျှောက်ထားခြင်းများ ရှိခဲ့ဖူးတာကြောင့် စိစစ်ဖော်ထုတ်အရေးယူခဲ့ရတဲ့ ဖြစ်စဉ်များရှိခဲ့ရပါတယ်။ ဒါ့အပြင် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရာမှာ မြို့နယ်မှူးအဆင့်တွေကို လက်မှတ်ရေးထိုး ခွင့်ကို ၁၉၈၉ ခုနှစ်က တစ်ကြိမ်၊ ၂၀၀၂ ခုနှစ်က တစ်ကြိမ် ခွင့်ပြုခဲ့ဘူးပါတယ်။ သို့သော်လည်းပဲ မိမိဌာနဝန်ထမ်းများမှ ဥပဒေရေးရာအတွေ့အကြုံနဲ့ တိုင်းနဲ့ပြည်နယ်အဆင့် ကျယ်ကျယ်ပြန့်ပြန့်ဆက်စပ် ဆောင်ရွက်ရာမှာ နှောင့်နှေးအားနည်းချက်တွေအနည်းငယ်ရှိခဲ့လို့ ပြန်လည်စိစစ်ပြင်ဆင်အရေးယူမှု များလည်းပြုလုပ်ခဲ့ရတဲ့သာဓကများရှိခဲ့ဖူးပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်အထက်က အကျယ်တဝင့်တင်ပြပြီးဖြစ်တဲ့ အကြောင်းအရာတွေကြောင့် သွေးနှောနိုင်ငံသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုနဲ့ပတ်သက်ပြီး အမှားအယွင်းတွေ ထပ်မံမပေါ်ပေါက်စေဖို့အတွက် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလလောက်ကစပြီး လူဝင်မှုကြီးကြပ်ရေးနဲ့ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဆင့်အထိအဆင့်ဆင့်တင်ပြအတည်ပြုပြီးမှ ထုတ်ပေးရေးကိုလမ်းညွှန်ချက်တွေ အရဆောင်ရွက်ခဲ့ဖူးပါတယ်။ သို့သော်လည်းပဲ နောက်ပိုင်းမှာ ညွှန်ကြားရေးမှူးချုပ် တစ်ဦးတည်းက တာဝန်ခံလက်မှတ်ရေးထိုးထုတ်ပေးနေရလို့ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လာရတာကြောင့် လျှောက်ထားသူများလည်း အဆင်ပြေအောင်ဖြေလျှော့တဲ့အနေနဲ့ ၄-၄-၂၀၀၇ ရက်နေ့ကကျင်းပတဲ့ နိုင်ငံခြားရေးရာ မူဝါဒကော်မတီအစည်းအဝေးအမှတ်စဉ် (၁၂/၂၀၀၇) ပါသဘောတူညီမှုအရ

တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်ဦးစီးမှူးများမှ အတည်ပြုလက်မှတ်ရေးထိုး ထုတ်ပေးစေတဲ့အဆင့်ကို ပြောင်းလဲလျှော့ချခဲ့ပြီး အဲဒီစနစ်နဲ့ ယနေ့အထိ ဆောင်ရွက်နေရခြင်းလည်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အထက်က ကျွန်တော် ရှည်လျားစွာရှင်းပြခဲ့တဲ့ နောက်ခံဖြစ်ရပ်အကြောင်းများနဲ့ အတိတ်ကာလ အတွေ့အကြုံတွေ အရသွေးနှောနိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးရာမှာ တိုင်းနဲ့ပြည်နယ်ဦးစီးမှူးအဆင့်ထိ တာဝန်ခံစစ်ဆေးအတည်ပြုပြီးမှ ထုတ်ပေးတဲ့စနစ်ကို ကျင့်သုံးနေရခြင်းဖြစ်ပါကြောင်းနဲ့ လက်ရှိကျွန်တော်တို့ဆောင်ရွက်နေတဲ့ ဖြေလျှော့နည်းအရ တိုင်းရင်းသားမိဘနှစ်ပါးကမွေးဖွားသူတွေအတွက် မြို့နယ်အဆင့်ထိလျှော့ပြီး လက်မှတ်ရေးထိုး ဆောင်ရွက်ပေးနေတဲ့ အခြေအနေရလဒ်တွေပေါ် ပြန်လည်ဆန်းစစ်ပြီး မေးခွန်းရှင်ကြီးတင်ပြထားသလို ပြင်ဆင်ဖြေလျှော့ ဆောင်ရွက်ပေးနိုင်တဲ့အချိန်မှာ ဆောင်ရွက်ပေးသွားဖို့လည်း အလေးအနက်ထည့်သွင်းစဥ်းစားလျက် ရှိပါကြောင်းတင်ပြလိုပါတယ်။ လောလောဆယ် လုပ်ပေးနိုင်တဲ့အချက်ကတော့ လျှောက်ထားသူ ကာယကံရှင်တွေဘက်က ပြည့်စုံမှန်ကန်တဲ့ အထောက်အထားတွေ ပါလာမယ်ဆိုရင်ကြန့်ကြာသင့်သည့်အချိန်ကာလထက် ပိုပြီးကြန့်ကြာမှုမရှိစေဖို့နဲ့ သတ်မှတ်အခကြေးငွေထက်ပိုမိုတောင်းခံခြင်းများ မရှိစေရေးအတွက် စနစ်သစ်နဲ့အထူးကြပ်မတ်စီမံချက်ချ ဆောင်ရွက်လျက်ရှိနေပါကြောင်းဆက်၍ လည်းဆောင်ရွက်နေမည်သာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းအောင်ကြည်၊ မိုင်းတုံမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကြည်(မိုင်းတုံမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ပဏာမဆုတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကြည် ဖြစ်ပါတယ်။ ယနေ့ကျင်းပမယ့် လွှတ်တော်အစည်းအဝေးမှာ ပြည်သူ့အတွက် အကျိုးရှိမယ့်မေးခွန်းများကို မေးမြန်းတင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မိုင်းတုံမြို့နယ်သည် နယ်စွန်နယ်ဖျားဒေသတစ်ခုဖြစ်ပြီး၊ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသောမြို့နယ်တစ်ခုဖြစ်ပါတယ်။ မိုင်းတုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုအနေနဲ့ အခြေခံ စားသောက်ကုန်များကို အလှမ်းကွာဝေးသောတောင်ကြီးမြို့မှ အဓိကမှာယူစားသုံးနေရပြီး မိုးရာသီ တွင်ခရီးသွားလာရန်ခက်ခဲသောကြောင့် မြို့နယ်ချင်းဆက်လမ်းများဖြစ်သော မိုင်းတုံ-မိုင်းပန် လမ်း ၆၆

မိုင်နှင့် မိုင်းတုံ-မိုင်းဆတ်လမ်း ၄၂ မိုင်၊ စုစုပေါင်း ၁၀၈ မိုင်ကို ရာသီမရွေး သွားလာနိုင်ရန်အတွက် ကတ္တရာလမ်းများခင်းပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုပါတယ်။ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်ကြောင်းသိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးငွေးမောင်၊ ဆောမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးငွေးမောင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ဆောမြို့နယ်မှာ အဓိကထားရတဲ့ ဆိပ်ဖြူ-ဆောလမ်းကိစ္စကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောမြို့နယ် အထူးသဖြင့် ဂန့်ဂေါခရိုင်၊ ဆော၊ ထီးလင်း၊ ဂန့်ဂေါမြို့များဟာ မကွေးတိုင်းဒေသကြီး ဆိုသော်လည်း ဧရာဝတီမြစ်အနောက်ဘက် ပုံတောင်ပုံညာတောင်တန်းကြီးနှင့် ချင်းတောင်တန်းကြီး ကြားမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ အထူးနောက်ကျနေခဲ့တဲ့ ဒေသကြီးဖြစ်ပါတယ်။ ယခင် ကာလကတည်းက လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် အပြင်လူမဝင်ရဆိုသလို အတွင်းလူ မထွက်ရဆိုသကဲ့သို့ ပိတ်ဆို့နေခဲ့တဲ့ဒေသဖြစ်ပြီးမှ မျက်လှည့်ဆရာများ၊ မြွေအလမ္မာယ်ဆရာများရဲ့ ဆောပြန်ယောပြန်လို့ ပြောရလောက်အောင် ခက်ခဲတဲ့ဒေသဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောမြို့နယ်မှာ ပြည်မသို့ထွက်တဲ့လမ်းနှစ်လမ်းရှိပြီး ဆော-ဆိပ်ဖြူလမ်းနှင့် ဆော-ပခုက္ကူလမ်းတို့ ဖြစ်ပါတယ်။ ဆော-ဆိပ်ဖြူလမ်းဟာ ဆောမြို့နယ်သာမက တောင်ပိုင်းချင်းပြည်နယ်နဲ့ ပြည်မ ဆက်သွယ်တဲ့လမ်းကြောင်းလည်းဖြစ်ပါတယ်။ ဆောင်းကာလနဲ့နွေကာလများမှာ နိုင်ငံခြားခရီးသွား များနတ်မတောင်အမျိုးသားဥယျာဉ်သို့ ညောင်ဦးမှတစ်ဆင့် အသွားအပြန် ဖြတ်သန်းသွားလာသော လမ်းလည်းဖြစ်ပါတယ်။ လက်ရှိကာလမှာ အဆိုပါလမ်းကို ဆော-ကန်ပက်လက်-လောင်းရှည်-ကျင်တွဲ ကားများဖြတ်သန်းသွားလာလျက်ရှိပြီး သစ်တိုက်၊ ဝါးတိုက်ကားများ အမြဲသွားလာလျက်ရှိပါတယ်။ အဆိုပါလမ်း ဆော-ကန်စွန်းမအပိုင်း မိုင် ၃၀ အတွင်းမှာ မိုးကာလမှာတောင်ပြိုခြင်း၊ ဗွက်ပေါက်ခြင်း များဖြစ်ပြီး အလွန်ဆိုးရွားလျက်ရှိပါတယ်။ ဆော-ဆိပ်ဖြူလမ်း ထိုကဲ့သို့ဖြစ်နေခဲ့သည်မှာ ကျွန်တော်တို့ သိတတ်စအရွယ်က ယနေ့အထိဖြစ်ပါတယ်။ သွားလာနိုင်သော အချိန်များမှာလည်း လမ်းများကျဉ်း၍ ဂျစ်ကား၊ နစ်ဆန်းကယ်ရီကားလေးများနဲ့သာသွားနေရပါတယ်။

ဆော-ဆိပ်ဖြူလမ်းပေါ်မှာရှိတဲ့ ဆောမြို့အတွင်း ဘေလီတံတားဟာလည်းပဲ ကြမ်းခင်းသစ်သား များဆွေးမြေ့ပြီးမှ ပျက်လျက်ရှိပါတယ်။ အဲဒီတံတားကိုလည်းပဲ မြို့ရဲ့ကျက်သရေအဖြစ်သော်

လည်းကောင်း၊ အဆင့်မြင့်သံကွန်ကရစ်တံတားကြီးအဖြစ် ဆောက်လုပ်ပေးစေလိုပါတယ်။ အဆိုပါ ဆော-ဆိပ်ဖြူလမ်း ကောင်းမွန်လာပါက ဆော၊ ကန်ပက်လက်၊ လောင်းရှည်၊ ကျင်ဒွေး၊ မင်းတပ်၊ မတူပီ၊ ထီးလင်း၊ ဂန့်ဂေါ မြို့နယ်များ မကွေး၊ နေပြည်တော်၊ ရန်ကုန်မြို့များသို့သွားရာမှာ အသုံးပြုဖြတ်သန်း သွားမည်ဆိုပါက ဧရာဝတီမြစ်ဖြတ်တံတား၊ အနော်ရထာတံတားကြီးရှိပြီးဖြစ်၍ အတိုဆုံးလမ်းလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါဆော-ဆိပ်ဖြူလမ်းကို အကြီးစားပြင်ဆင်မှုပြုလုပ်၍ အဆင့်မြှင့် ဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် မည်သို့ဆောင်ရွက်ပေးမည်ကိုသိလိုပါကြောင်း မေးမြန်းအပ်ပါ တယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မြေပုံ-မင်းပြားကားလမ်းကိစ္စဖြစ်ပါတယ်။ ဒီမြေပုံ-မင်းပြားကားလမ်းဟာ ၂၇ မိုင်နဲ့ ၄ ဖာလုံရှည်လျား ပြီးတော့ရွာပေါင်း ၁၅ ရွာအပါအဝင် မြေပုံနှင့်မင်းပြားမြို့များကို ဆက်သွယ်ထားတဲ့ တစ်ခုတည်းသော လမ်းဖြစ်ပါတယ်။ မြေပုံမြို့ဟာသီးခြားကျွန်းလေးတစ်ခုဖြစ်တဲ့ ကြက်ဆင်ကျွန်းရဲ့တောင်ဘက်စွန်းမှာ တည်ရှိပါတယ်။ ကြက်ဆင်ကျွန်းရဲ့တောင်ဘက်မှာ ဟန်တားပင်လယ်အော်ရှိပြီးတော့ မြောက်ဘက် မှာတော့ ကြက်ဆင်မြစ်ခြားပြီးတော့ မင်းပြားမြို့တည်ရှိပါတယ်။ လေးမြို့မြစ်ဟာ ကျွန်းရဲ့မြောက်ဘက် ထိပ်မှာ မြစ်နှစ်သွယ်ခွဲထွက်သွားပြီးတော့ ကျွန်းကိုအရှေ့၊ အနောက်နှစ်ဘက်ညှပ်စီးဆင်းပြီး ဟန်တား ပင်လယ်အော်ထဲကိုစီးဝင်ပါတယ်။ ကြက်ဆင်ကျွန်းဟာ သီးခြားကျွန်းလွတ်တစ်ခုဖြစ်လာပြီး မြေပုံ- မင်းပြားကားလမ်းဟာ ကျွန်းရဲ့တောင်နဲ့မြောက်ကို အလျားလိုက်ဖောက်လုပ်ထားတဲ့လမ်းဖြစ်ပါတယ်။ ဒီလမ်းရဲ့အရှည် ၇ မိုင်ခန့်ဟာ မြေပုံမြို့နယ်အတွင်းကျရောက်ပြီးတော့ ကျန်မိုင် ၂၀ ခန့်ဟာ မင်းပြားမြို့နယ်အတွင်းကျရောက်ပါတယ်။ မင်းပြားမြို့ဟာရန်ကုန်-စစ်တွေကားလမ်းမကြီးပေါ်မှာရှိလို့ မြေပုံမြို့အတွက် မင်းပြားမြို့နယ်ရောအခြားမြို့နယ်အတွက်ပါဆက်သွယ်ရာမှာ ဒီလမ်းဟာမရှိမဖြစ် လိုအပ်တဲ့လမ်းလည်းဖြစ်ပါတယ်။ ဒီလမ်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်၊ ၃၀ လောက်ကတည်းက ပါတီကောင်စီခေတ်မှာ ကိုယ်ထူကိုယ်ထ စလုပ်ခဲ့ရတာဖြစ်ပေမယ့် ယခုအချိန်အထိ ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ တစ်အိအိဒယိမ်းဒယိုင်နဲ့ သွားလာနေတဲ့ ကျောက်ခင်းလမ်းအဖြစ်သာ ရှိပါသေးတယ်။ တချို့လမ်းအပိုင်းတွေမှာဆိုရင် မြေသားလမ်းအဖြစ်သာ ရှိနေကြောင်းလည်းသိရပါတယ်။ လမ်းချိုင့်

တွေ၊ ချောက်တွေ၊ ခနော်ခနဲ့တံတားတွေကြောင့် မကြာခဏယာဉ်များတိမ်းမှောက်ပြီး လူတွေအနာတရ ဖြစ်ကြရပါတယ်။ အဓိကကတော့ ကတ္တရာလမ်းမခင်းပေးလို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသနဲ့ပတ်သက်လို့အချက်နှစ်ချက်ကို လိုအပ်မယ်ထင်တဲ့အတွက် တင်ပြလိုပါတယ်။ ပထမအချက်က ကြက်ဆင်ကျွန်းရဲ့ မြောက်ဘက်ထိပ်ကနေပြီးတော့ မင်းပြားမြို့ဘက်ကို ကူးတဲ့အခါမှာ တံတားမရှိတာကြောင့် လှေအကြီးနှစ်စီးကိုပူးပြီးတော့ ဇက်ဖောင်လုပ်ပြီးတော့ လူတွေ၊ ဝန်တွေ၊ ဆိုင်ကယ်တွေကို ပို့ပေးရပါတယ်။ တစ်ဖက်ကမ်းမှာ ကားကအဆင်သင့်စောင့်ပြီး ခရီးဆက်ကြရပါတယ်။ မြစ်ကကျဉ်းပေမယ့် တစ်ဖက်မြစ်ကမ်းပါးဟာ ရေတိုက်စားလို့ ကမ်းပါးပြိုလေ့ရှိတာကြောင့် တံတားထိုးရခက်တယ်လို့ သိရှိရပါတယ်။ ဒါကြောင့် ဒီအချက်ကြောင့် ဒီလမ်းကို ပြုပြင်ရေးမှာ အဟန့်အတားတစ်ခုဖြစ်လာမှာကို စိုးလို့တင်ပြရခြင်းဖြစ်ပါတယ်။ တံတားထိုးနိုင်ရင်ကောင်းပေမယ့် မထိုးနိုင်ရင်လည်းလက်ရှိအတိုင်း ခရီးဆက်လို့ဖြစ်ပါတယ်။ နဝဒေးတံတားကြီးမရှိခင်က ပြည်နဲ့ဆင်တဲကမ်းကို ဒီလိုပဲနှစ်ပေါင်းများစွာကူးခဲ့ကြရပါတယ်။ ဒုတိယအချက်က ရန်ကုန်-စစ်တွေလမ်းမကြီးကနေ မြေပုံမြို့နယ်၊ ခါးပိုက်ချောင်းကျေးရွာအနီးက လမ်းခွဲတစ်ခုဖောက်ပြီးမြေပုံမြို့ကို ဆက်သွယ်ပေးဖို့အစီအစဉ်ရှိတယ်လို့ ကြားသိရပါတယ်။ ဒီလမ်းက အခုအထိမစသေးရတဲ့အပြင် မြစ်ကူးတံတားကြီးနှစ်စင်းလည်း တည်ဆောက်ရမှာဖြစ်လို့ အချိန်များစွာကြန့်ကြာမှာဖြစ်ပါတယ်။ အဲဒီလမ်းဟာမြေပုံမြို့နယ်ရဲ့ အရှေ့ဘက်ခြမ်းမှာရှိတဲ့ ရွာများနဲ့အမ်းမြို့နယ်ဘက်ကိုသွားရာမှာ ပိုမိုအဆင်ပြေလွယ်ကူစေမှာဖြစ်ပါတယ်။ မင်းပြားမြို့ကိုသွားမယ်ဆိုရင်တော့ ယခုလက်ရှိလမ်းထက် သုံးဆလောက်ဝေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်ဒီလမ်းကလည်း လိုအပ်ပေမယ့် မင်းပြား-မြေပုံလမ်းပြုပြင်ရေးမှာတော့ အဟန့်အတားတစ်ခု မဖြစ်သင့်ဘူးလို့ ထင်ပါတယ်။ ဒီမင်းပြား-မြေပုံကားလမ်းဟာ မြို့နှစ်မြို့ကို ဆက်သွယ်ထားတဲ့လမ်းဖြစ်တဲ့အပြင် ရှိနေပြီးသားလမ်းတစ်လမ်းလည်းဖြစ်တာကြောင့် တကယ်လည်း လုပ်ပေးသင့်၊ ပြုပြင်ပေးသင့်တဲ့လမ်းဖြစ်ပါတယ်။ မြေပုံမြို့နယ်သူ၊ မြို့နယ်သားတွေရော၊ မင်းပြားမြို့နယ်သူ၊ မြို့နယ်သားတွေရော အထူးလိုလားတောင့်တနေကြတဲ့ လမ်းလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ်စားလှယ်တော်ကြီး အိမ်အပြန်မျက်နှာပန်းလှစေဖို့ ဒီမေးခွန်းလေးတော့ အဆင်ပြေနိုင်ပါစေလို့ ဆုတောင်းရင်းနဲ့ ကျွန်တော်ရဲ့မေးခွန်းကို တင်ပြပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အရှည် ၂၇ မိုင်၊ ၄ ဖာလုံရှိသော မင်းပြား-မြေပုံကျောက်ခင်းလမ်းအားကားကြီး၊ ကားငယ်လွယ်ကူချောမွေ့စွာ၊ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ကတ္တရာလမ်းခင်းပေးနိုင်ပါသလား။ ခင်းပေးနိုင်မည်ဆိုပါက မည်သည့်အချိန်တွင် စတင်ခင်းပေးမည်ဖြစ်ကြောင်းနဲ့ အကယ်၍မခင်းပေးနိုင်ပါက

၍အခက်အခဲအားမည်သို့ ကူညီဖြေရှင်းပေးမည်ကို သိလိုပါ၍ ဒေသခံပြည်သူများကိုယ်စား မေးမြန်း တင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရည်၊ အလုံမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်း နဲ့ ပြည့်စုံကြပါစေလို့ ပမာဏနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်(ခ) ဦးခင်မောင်ရည်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မှ တန်ဖိုးနည်းအိမ်ရာများနဲ့ ပတ်သက်တဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါ တယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်တွင် စက်မှုဇုန်များ၊ မွေးမြူရေးဇုန်များ၊ စိုက်ပျိုးရေးဇုန်များ စက်မှုဆိပ်ကမ်းများနဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်တိုးမြှင့်ဆောင်ရွက်လျက်ရှိ ပါတယ်။ ဖွံ့ဖြိုးတိုးတက်လာမှုအရ မြို့ပြများတွင်အလုပ်အကိုင်၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အားသာချက်များကြောင့် မြို့ပြများကို အခြေချနေထိုင်ပြောင်းရွှေ့မှုများဟာ တစ်နေ့တစ်ခြားတိုးတက် လာပြီးတော့မှ အိမ်ရာမဲ့များလည်း တိုးပွားလာပါတယ်။ ပြည်သူတို့ရဲ့စားဝတ်နေရေးဖူလုံမှုအတွက် ခေတ်အဆက်ဆက် အစိုးရလက်ထက်များအနေနဲ့ နည်းလမ်းအဖုံဖုံဆောင်ရွက်ခဲ့သည်များကိုလည်း သာဓကများစွာ ရှိခဲ့ပါတယ်။ တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံ့ဝန်ထမ်းများကိုမြေကွက်များ ဖော်ထုတ်ပေးခဲ့ခြင်းကြောင့် ဝန်ထမ်းများပင်စင်ယူချိန်တွင် အထောက်အပံ့ဖြစ်စေပါတယ်။ အစိုးရသစ် တာဝန်ယူသောကာလများမှာ အိမ်ရာဖော်ဆောင်မှုများမတွေ့ရှိရသေးပါဘူး။ ယခုအခါမှာ လိုအပ်ချက် အရအိမ်ရာမဲ့များလျော့ကျနိုင်ရန် တန်ဖိုးနည်းအိမ်ရာများဖော်ထုတ်ရန် လိုအပ်လျက်ရှိနေပါတယ်။ တန်ဖိုးနည်းအိမ်ရာဆိုသည်မှာ ပြည်သူလူထုမှကုန်ကျစရိတ်သက်သာစွာဖြင့် အရစ်ကျဝယ်ယူနိုင်သော အဆင့်မီအိမ်ရာကို ဆိုလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အနည်းငယ်ဖြည့်စွက် ရှင်းလင်း တင်ပြခွင့်ပြုပါခင်ဗျား။ တပ်မတော်အစိုးရလက်ထက် ၁၉၉၁ နောက်ပိုင်းကာလမှာ ဆောက်လုပ်ရေး ကုမ္ပဏီအများအပြားပေါ်လာပြီးတော့ တိုက်ခန်းအိမ်ရာများ အမြောက်အမြားပေါ် ထွက်လာတာကို တွေ့ရပါတယ်။ တိုးချဲ့မြို့သစ်များကိုလည်းပေါ်ထွက်လာတဲ့အတွက် မြို့ပြကိုမှီခိုပြီးနေထိုင်စားသောက် နေကြရတဲ့အခြေခံလူတန်းစားများအတွက် အဆင်ပြေမှုများအသီးသီးဖြစ်ပေါ်လာတာကို တွေ့ရပါ တယ်။ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်မှုနဲ့ ပြည်သူလူထုတည်ငြိမ်မှုဟာ ဆက်စပ်နေပါတယ်။ ပြည်သူလူထု တည်ငြိမ်ခြင်းဟာ နိုင်ငံတည်ငြိမ်ခြင်းကို ပိုမိုအားကောင်းစေတဲ့အတွက် တပ်မတော်အစိုးရလက်ထက်

မတိုင်မီကာလများမှာ ပြည်သူလူထုရဲ့ စားဝတ်နေမှုကြပ်တည်းမှုများဖြစ်ပေါ်နေခြင်းနှင့် နိုင်ငံရေး မတည်ငြိမ်မှုများပေါင်းစပ်ပြီးတော့ ပြည်သူလူထုအုံကြွမှုများ ဖြစ်ပေါ်လာတဲ့သာဓကများလည်းရှိပါတယ်။ တပ်မတော်အစိုးရတက်ပြီးနောက်ပိုင်းမှာ ၁၉၉၄၊ ၁၉၉၅၊ ၁၉၉၆ ကာလများမှာ ဆောက်လုပ်ရေး လုပ်ငန်းများတွင်ကျယ်သော ကာလနှစ်များဖြစ်သလို တပ်မတော်အစိုးရလက်ထက်မှာ အိမ်ရာကွက် အသစ်များကို ဖော်ဆောင်လာတဲ့အတွက် လူထုတည်ငြိမ်မှုတွေ အမြောက်အမြားဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။ နိုင်ငံရေးမတည်ငြိမ်မှုများ ရှိခဲ့သော်ငြားလည်း လူထုမတည်ငြိမ်မှုလျော့ကျသွားတဲ့ အတွက် လူထုတည်ငြိမ်မှုတွေ အားကောင်းလာတဲ့အတွက် နိုင်ငံရေးမတည်ငြိမ်မှုနဲ့ပေါင်းစပ်ခြင်းရှိတဲ့ အတွက် တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံတော်ကိုကြပ်မတ်ထိန်း သိမ်းနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ဒီနောက်ပိုင်းကာလမှာတော့ ဆောက်လုပ်ရေးလုပ်ငန်းတွေ တွင်ကျယ်တဲ့ကာလများ ဖြစ်တဲ့ကာလမှာ ဆောက်လုပ်ရေးလုပ်ငန်းများကို မှီခိုနေရတဲ့ ပြည်သူလူထုအများစုဟာ နယ်တွေကနေ၊ တောတွေကနေ တက်လာပြီး မြို့ပေါ်မှာ မှီခိုကြရပါတယ်။ အဲဒီကာလတွေမှာ ကျွန်တော်တို့ နိုင်ငံမှာလုပ်ငန်းတွေမှာ ရွှေဖြစ်တဲ့ကာလလို့ ပြောရတဲ့ကာလတွေ ဖြစ်ခဲ့ပါတယ်။ လီမိတက်ကား၊ တက္ကစီတွေဝင်ရောက်လာတဲ့ ကာလများဖြစ်တဲ့အတွက် ဆလွန်းကားတန်ဖိုးဟာ ၁၀ ဖိုး ၃ စီး၊ ၄ စီး။ ၁၀ ဖိုးဆိုတာ ၁၀ သိန်း ဖြစ်ပါ တယ်။ အဲဒီအချိန်မှာ တန်ဖိုးအနိမ့်ဆုံးတိုက်ခန်းတွေဟာ ခြောက်ထပ် အပေါ်ဆုံးထပ်ဟာ ၁၀ သိန်း ဝန်းကျင်ပဲ၊ ၁၅ သိန်းဝန်းကျင်ရှိခဲ့ပါတယ်။ မြို့တော်စည်ပင်သာယာရေးက တိုက်ခန်းတစ်ခန်းကို ၁၀ သိန်းနဲ့ ရောင်းချတာကိုလည်း အဲဒီအချိန်က တွေ့ခဲ့ရပါတယ်။ နောက် ၁၉၉၆ နောက်ပိုင်းမှာ အာရှမှာ Economic Crisis ဖြစ်တဲ့အချိန်မှာ မြန်မာပြည်ကို မဝင်ဘူး။ မဝင်နိုင်ဘူးဆိုပြီးတော့ ပညာရှင်တွေ သုံးသပ်ထားသော်လည်းပဲ ၁၉၉၈ လောက်မှာ Economic Crisis ဟာ မြန်မာပြည်ကိုဝင်ရောက်ခဲ့ ပါတယ်။ အဲဒီကာလတွေမှာတော့ ဆောက်လုပ်ရေးလုပ်ငန်းတွေအချို့ဟာ လုပ်ငန်းတွေကျဆင်းသွားတာ အချို့လည်းအဆုံးအရှုံးတွေ အများကြီးပေါ်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီအချိန်မှာ ၁၉၉၈၊ ၁၉၉၉ ဟာ အထိနာဆုံးအချိန်လို့ပြောလို့ရသလို တိုက်ခန်းတန်ဖိုးတွေကို ကုမ္ပဏီတွေကနေ လျှော့ရောင်းတာတွေ ကိုလည်းတွေ့ခဲ့ရပါတယ်။ ထိုကာလကတော့ အိမ်ရာမဲ့များအနေနဲ့ တိုက်ခန်းပိုင်ဆိုင်မှုအများဆုံးကာလ ဖြစ်ခဲ့ရပါတယ်။ နောက်ပိုင်းမှာ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စီးပွားရေးနစ်နာမှုများ မြေကွက်ပိုင်ရှင်များ ဒုက္ခရောက်မှုများရှိခဲ့ပါတယ်။ အဖြစ်အပျက်များစွာ ဖြတ်သန်းခဲ့တဲ့ကာလတွေ ဖြစ်ခဲ့ပါတယ်။ ၂၀၀၁- ၂၀၀၂ ခုနှစ်၊ ကာလများမှာတော့ ဈေးနှုန်းတွေတည်ငြိမ်မှုပေါ်လာပြီးတော့ ကွန်ဒိုမီနီယမ်များ ပေါ်ပေါက်လာသလို အလယ်အလတ်လူတန်းစားများရဲ့ သီးသန့်နေလိုမှု အခြေအနေတွေကို ကောင်းစွာဖန်တီးနိုင်ခဲ့ပြီးတော့မှ ဈေးနှုန်းတည်ငြိမ်မှုနဲ့ ကွန်ဒိုမီနီယမ်တိုက်ခန်းတွေနဲ့နေထိုင်သူ

လူတန်းစားတွေ အဆင့်ဆင့်ပေါ်ပေါက်လာပြီးတော့မှ မိမိအဆင့်အတန်းအလိုက်နေထိုင်လိုတဲ့ လူလတ်တန်းစားများရဲ့ အဆင်ပြေမှုတွေကို ဖြစ်ပေါ်လာတာတွေ့ရပါတယ်။ ကွန်ဒိုတစ်ခုဖြစ်ဖို့ကတော့ မြေနေရာ၊ နိုင်ငံတော် သို့မဟုတ် ပုဂ္ဂလိကနောက် တည်ထောင်သူတွေ၊ တည်ဆောက်သူတွေ နေထိုင်သူ၊ ထိန်းသိမ်းစောင့်ရှောက်သူ စသည်ဖြင့် ဖြစ်ပေါ်လာ၍ Condominium Law ဆိုတာနဲ့ ထိန်းညှိရမှာဖြစ်သလို ဒီတန်ဖိုးနည်းအိမ်ရာ များကိုလည်း housing plan များ ချမှတ်ပြီးပြဋ္ဌာန်းပေးဖို့ လိုလိမ့်မယ်လို့လည်းထင်ပါတယ်။ တန်ဖိုးနည်း အိမ်ရာများဟာ ဒီ ၂၀၀၁-၂၀၀၂ နောက်ပိုင်းမှ ဈေးနှုန်းတည်ငြိမ်မှုရလာသလို တစ်ဖြည်းဖြည်းမြင့်တက်လာမှုက သာမန်ဝန်ထမ်းမက ဦးစီးအရာရှိ အဆင့်အထိ မဝယ်နိုင်သေးတဲ့ ဈေးနှုန်းများဖြစ်ပေါ်လာတာကိုလည်း တွေ့ရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုလို ဝန်ထမ်းအိမ်ရာတွေ မရှိသေးတဲ့ကာလမှာ တန်ဖိုးနည်း အိမ်ရာတွေ ဆောက်ဖို့ဆိုတဲ့ပြဿနာကို ဘယ်လိုဖြေရှင်းရင်ကောင်းမလဲလို့ မေးမြန်းစူးစမ်းလေ့လာတဲ့ အခါမှာဆိုရင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက နိုင်ငံတော်ကသာ မြေကြီးပေးရင်၊ မြေကွက်တွေ ပေးမယ်ဆိုရင် သို့မဟုတ် ဈေးနှုန်းချိုချိုနဲ့ပေးမယ်ဆိုရင် ဈေးနှုန်းချိုချိုနဲ့ သူတို့ကလည်းတိုက်တွေကို ဆောက်ပေးနိုင်ပါတယ်။ ပြည်သူလူထုတွေကို တန်ဖိုးနည်းအိမ်ရာတွေအထိ ပေးနိုင်ပါတယ်ဆိုတဲ့ စကားတွေထွက်လာပါတယ်။ သူတို့ဘက်ကလည်း တန်ဖိုးနည်းအိမ်ရာတွေကို အများကြီးဆောက်ပေးချင်တဲ့ ဆန္ဒတွေ ရှိတယ်လို့လည်းသိရပါတယ်။ ဒဂုံဆိပ်ကမ်းမြို့နယ်မှာရှိတဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ဖန်တီးတည်ဆောက်ပေးခဲ့တဲ့ ယုဇနဥယျာဉ်မြို့တော်အိမ်ရာဆိုတာ တန်ဖိုးနည်းအိမ်ရာထဲမှာပါတယ်လို့ ကျွန်တော်တို့ ထင်မြင်ယူဆပါတယ်။ အခုပြီးခဲ့တဲ့ လွှတ်တော်နှစ်ရပ် ကာလကြားထဲမှာတောင်မှ အပေါ် ဆုံးထပ်ရဲ့တန်ဖိုးဟာ ၃၅ သိန်း၊ သိန်း ၄၀ ဝန်းကျင်အထိရှိခဲ့ပြီး အောက်ဆုံးထပ်ဟာ၊ မြေညီထပ်ဟာ သိန်း ၇၀ နဲ့ သိန်း ၁၀၀ ကြားထဲမှာပဲရှိခဲ့ပါတယ်။ အဲဒီအခြေအနေမျိုးဆိုရင် ဒီတန်ဖိုးနည်းအိမ်ရာ လိုချင်တဲ့သူများက ဝယ်နိုင်တဲ့အခြေအနေရှိပါတယ်။ သို့သော် များများစားစားမဖော်ဆောင်နိုင်သေး တာကိုတွေ့ရပါတယ်။ အဲဒီတော့ဝန်ထမ်းများအတွက် အရစ်ကျပေးသွင်းနိုင်တဲ့ Resonable Price ဟာလည်း အလွန်အရေးကြီးပါတယ်။ ဆင်းရဲသားတွေဆိုတာ တောတွေ၊ ကျေးလက်တွေမှာရှိတာမှ မဟုတ်ဘဲ မြို့ပြကိုအလုပ်အကိုင်တွေအခြေခံပြီးရောက်နေကြတဲ့ အခြေခံအလုပ်သမားလူတန်းစားများ နှစ်စဉ်တိုးတက်များပြားလာတာကိုလည်းတွေ့ရပါတယ်။ ထိုကဲ့သို့ အိမ်ရာများ၊ တိုက်ခန်းများကို နိုင်ငံတော်၊ နိုင်ငံတော်နဲ့ပုဂ္ဂလိက နိုင်ငံတော်ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကတို့မှ ဆောင်ရွက်နိုင်ပါလျှင် တိုက်ခန်းများပိုင်ဆိုင်မှု၊ အိမ်ရာမဲ့များ လျော့ကျလာနိုင်ခြင်း၊ တိုက်ခန်းငှားရမ်းခ ဈေးနှုန်းများလည်း ကျဆင်းလာခြင်း၊ မြို့ပြကိုမှီခိုနေရတဲ့၊ ရပ်တည်နေရတဲ့ နိုင်ငံ့ဝန်ထမ်း၊ ပုဂ္ဂလိကဝန်ထမ်း၊ ပုဂ္ဂလိက

အလုပ်သမားမြောက်များစွာတို့ရဲ့ စားဝတ်နေရေးချောင်လည်မှုကို ပိုမိုမြင့်တက်လာစေမယ်ဖြစ်ပါတယ်။ ကြပ်တည်းမှုများ လျော့ပါးလာစေမှာဖြစ်ပါတယ်။ ဝန်ထမ်းတွေတချို့က ကျွန်တော်တို့ကို ပြောပါတယ်။ ယူနီဆက်က ဝန်ထမ်းတွေက ပင်စင်နီးလာပြီကို ကြောက်လာပြီလို့ နောက်ဆုံးစကားကတော့ ပင်စင်ယူရမှာကိုကြောက်တယ်။ အဖြေကတော့ အိမ်မရှိသေးလို့ဆိုတဲ့ စကားပြောပါတယ်။ အဲဒီတော့ တန်ဖိုးနည်းအိမ်ရာဝယ်ယူရန် အဆင်သင့်ရှိနေကြတဲ့ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျွန်တော်အပါအဝင် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသူများအတွက် အောက်ပါမေးခွန်းကို မေးလိုပါတယ်။ နိုင်ငံ့ဝန်ထမ်းများအတွက်သော်လည်းကောင်း၊ အိမ်ရာလိုအပ်လျက်ရှိသော ပြည်သူများအတွက်သော်လည်းကောင်း တန်ဖိုးနည်းဝန်ထမ်းအိမ်ရာများ၊ တန်ဖိုးနည်းပြည်သူ့အိမ်ရာများ အရစ်ကျစနစ်ဖြင့်ရောင်းချပေးနိုင်ရန်၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဖော်ဆောင်သောနည်း ပိုမိုကောင်းမွန်သောနည်းလမ်းများ၊ ဥပမာ- အစိုးရမှမြေကွက်ပေး၍ ပုဂ္ဂလိကမှ ဆောက်လုပ်ရေးပိုင်းကို တာဝန်ယူဖော်ဆောင်သောနည်းလမ်းများကဲ့သို့ နည်းလမ်းအသီးသီးဖြင့် ဖော်ဆောင်ပေးနိုင်မှု ရှိ၊ မရှိ သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်သော ပြီးခဲ့သည့်မေးခွန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းတုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းအောင်ကြည်ကနေပြီးတော့ မေးမြန်းထားသောမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးစိုင်းအောင်ကြည်ရဲ့ မေးခွန်းကိုချုံ့လိုက်ရင် ကျွန်တော်တို့ မိုင်းတုံ-မိုင်းပန်လမ်း ၆၆ မိုင်နဲ့ မိုင်းတုံ-မိုင်းဆတ်လမ်း ၄၂ မိုင် စုစုပေါင်း ၁၀၈ မိုင်ကို ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာလမ်းခင်းပေးစေလိုတယ်ဆိုတဲ့ တင်ပြချက်မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းတုံ-မိုင်းပန်လမ်း ၆၆ မိုင်နဲ့ မိုင်းတုံ-မိုင်းဆတ်လမ်း ၄၂ မိုင် စုစုပေါင်း ၁၀၈ မိုင်ရှိတဲ့လမ်းပိုင်းမှာ မိုင်းပန်- မိုင်းတုံ- မိုင်းဆတ်လမ်း အပိုင်းဟာ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းကို တာဆန်းကနေပြီးတော့ သံလွင်ကို ကျော်တာနဲ့ ဆက်သွယ်ထားတဲ့လမ်းကြီး ဖြစ်ပါတယ်။ ၂၀၀၀ ခုနှစ်၊ မတ်လကစပြီးတော့ နိုင်ငံတော်

မဟာဗျူဟာလမ်းများ ဖောက်လုပ်ရေးကော်မတီကို ဖွဲ့စည်းပြီးတော့ မဟာဗျူဟာလမ်းများ အဆင့်မြှင့်တင်တိုးတက်ရေးဆောင်ရွက်တဲ့အခါမှာ ပျမ်းမျှ ၃၄ ပေအကျယ် လမ်းတာပေါင်နဲ့ အမာခံလမ်း၊ ကျောက်လမ်း အတက်အဆင်း မတ်စောက်တဲ့နေရာတွေမှာ ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် သစ်သားတံတားများ၊ ဗင်းတံတားများကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ပြီးတော့ဆောင်ရွက်ခဲ့ပါတယ်။ ဒီ တာဆန်း- မိုင်းတုံ- မိုင်းဆတ်လမ်းအရှည် ၁၀၈ မိုင်လမ်းဟာ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းကနေပြီး တာဝန်ယူဆောင်ရွက်တဲ့လမ်းပဲဖြစ်ပါတယ်။ ဒီ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလကျမှ ဆောက်လုပ်ရေးဝန်ကြီးဌာနကိုလွှဲသောလမ်းဖြစ်ပါတယ်။ ဒီလမ်းကိုလွှဲပြောင်းလက်ခံပြီးတာနဲ့တစ်ပြိုင်နက်တည်း အဖွဲ့သုံးဖွဲ့နဲ့တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါကတော့ မိုင်းပန်နဲ့ တာဆန်းလမ်း ၃၃ မိုင်ကို လင်းခေးခရိုင်၊ အင်ဂျင်နီယာအဖွဲ့ကလည်းကောင်း၊ တာဆန်းနဲ့ မိုင်းတုံအပိုင်း ၃၃ မိုင်ကိုတော့ လေယာဉ်ကွင်းဆောက်လုပ်ရေးအထူးအဖွဲ့(၄)ကလည်းကောင်း၊ မိုင်းတုံနဲ့ မိုင်းဆတ်လမ်း ၄၂ မိုင်ကို မိုင်းဆတ်ခရိုင် အင်ဂျင်နီယာအဖွဲ့ကလည်းကောင်းသုံးဖွဲ့ဖြင့် ပြုပြင်ထိန်းသိမ်းလုပ်ငန်းများ ဆောင်ရွက်နေပါတယ်။ လမ်းရဲ့ ၃၁-၅-၂၀၁၁ ရက်နေ့အခြေအနေကိုတင်ပြရရင် ကတ္တရာလမ်းက ၁၁ မိုင်နဲ့ ၄ ဖာလုံ၊ ကျောက်လမ်းကတော့ ၁ မိုင်၊ အမာခံလမ်း ၅၃ မိုင်၊ မြေလမ်းက ၄၂ မိုင်နဲ့ ၄ ဖာလုံ စုစုပေါင်း ၁၀၈ မိုင် ရှိပါတယ်။ မိုင်းတုံ-မိုင်းပန်လမ်းနဲ့ မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်မှာ တောင်ပေါ်လမ်းဖြစ်ပြီးတော့ မိုးရွာသွန်းမှုများပြားတဲ့အတွက် တောင်ပြိုခြင်း၊ ပိတ်ဆို့ခြင်း၊ လမ်းသားများပဲ့ကျပြတ်တောက်ခြင်း၊ တံတားများအားတောင်ကျရေများတိုက်စား၍ မကြာခဏပြတ်တောက်တာကို ဖြစ်ပေါ်လေ့ရှိတဲ့လမ်းဖြစ်ပါတယ်။ အထူးသဖြင့် တောင်ကြီးကနေပြီး မိုင်းတုံမြို့၊ မိုင်းဆတ်မြို့သို့ ကုန်စည်ပို့ဆောင်လေ့ရှိတဲ့ တန်ပိုယာဉ်ကြီးများနဲ့ သစ်လုံးတင်ယာဉ်ကြီးများကြောင့် လမ်းသားပျက်စီးမှုဟာလည်းပိုခဲ့တာဖြစ်ပါတယ်။ တံတားများအခြေအနေတင်ပြရလို့ရှိရင် သစ်သားတံတားတည်ဆောက်ခြင်း ၁၃ စင်းနဲ့၊ ကျောက်စီခုံးကျော်တံတားတည်ဆောက်ခြင်း ၃၄ စင်း၊ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း ၈ စင်းအားလုံးတံတား ၅၅ စင်းရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကတော့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းက ၁၀၈ မိုင်၊ လမ်းမျက်နှာပြင်ဗွက်တန်းများအားဖယ်ရှားခြင်းနဲ့ ကျောက်ဖြုံးများကြိတ်ခြင်းက ၁၂ မိုင်၊ လမ်းချိုင့်ပေါက်ကြီးများအားကျောက်ဖြည့်ခြင်းက ၇ မိုင်၊ မိုင်တိုင် ၁၆၂ မိုင် ၁ ဖာလုံကနေ ၁၇၉ မိုင် ၁ ဖာလုံအတွင်းမှာ သစ်သားတံတားများအား ဘီးလမ်း၊ ကြမ်းခင်းများလက်ရမ်းလဲခြင်းက ၄ စင်း၊ မိုင်တိုင် ၁၈၀ ကနေ ၁၈၀ နဲ့ ၂ ဖာလုံအတွင်းမှာရှိတဲ့ ၁၀ ပေအရှည်၊ ၂၄ ပေအကျယ် သံကူကွန်ကရစ်တံတားအသစ်တည်ဆောက်ခြင်းက ၂ စင်း၊ မိုင်တိုင် ၁၈၀၊ ၅

ဖာလုံ ကနေပြီးတော့ ၁၈၁ မိုင် ၅ ဖာလုံအတွင်းမှာ ၁၅ ပေအရှည်၊ ၂၄ ပေအကျယ်ရှိတဲ့ သံကူကွန်ကရစ်တံတားအသစ်တည်ဆောက်ခြင်းက ၂ စင်း၊ ဒါ့အပြင် တောင်ကျရေတိုက်စားမှုကြောင့် ပြိုလဲပျက်စီးသွားသော မိုင်တိုင် ၁၇၉ မိုင် ၅ ဖာလုံ နဲ့ ၁၇၉ မိုင် ၆ ဖာလုံအကြားမှာရှိတဲ့ ပေ ၄၀ အရှည် ဘေလီတံတားကိုလည်း ပြန်လည်တည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။ ၁၆၃ မိုင် ၆ ဖာလုံနဲ့ ၁၆၃ မိုင် ၇ ဖာလုံကြားမှာလည်း ၅၅ ပေအရှည်၊ ၂၄ ပေအကျယ်ရှိတဲ့ ကျောက်စီခုံးကျော်တံတားနေရာမှာလည်း ၅၅ ပေအရှည် သစ်သားတံတားအဖြစ် ဆောင်ရွက်ပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းတုံ-မိုင်းပန်လမ်းနဲ့ မိုင်းတုံ-မိုင်းဆတ်လမ်းဟာ ကုန်စည်စီးဆင်းမှုများပြားတဲ့လမ်းဖြစ်ပြီးတော့ တန်ပိုယာဉ်ကြီးများကြောင့် လမ်းသားများပျက်စီးခဲ့သော်လည်း ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ထိန်းသိမ်းလျက်ရှိပါတယ်။ အဓိကဆက်သွယ်ရေးလမ်းကြီးဖြစ်တဲ့အတွက် ၂၀၁၁-၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေများ တင်ပြတောင်းခံပြီး ဦးစားပေးအဆင့်အလိုက် လမ်းအဆင့်မြှင့်တိုးတက်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ဆက်လက်ပြီး မေးခွန်းနံပါတ်(၂)ကို ဆက်လက်ပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၂)ကတော့ မကွေးတိုင်း၊ ဆောမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်ကနေပြီးတော့ ပြည်သူ့လွှတ်တော်အစည်းအဝေးကိုတင်ပြထားသော ဆိပ်ဖြူ-ဆောလမ်းကို အကြီးစားပြုပြင်ပြုလုပ်မှုနဲ့ အဆင့်မြှင့်တင်ပေးပါရန်နဲ့ မည်သည့်ဘတ်ဂျက်နှစ်မှာ ဆောင်ရွက်ပေးနိုင်မည်ဆိုသည်ကိုသိရှိလိုတဲ့မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်အတွင်းမှာရှိတဲ့ လမ်းအရှည်ဟာ ၆၉ မိုင်နဲ့ ၂ ဖာလုံရှည်လျားပါတယ်။ ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်းဟာလည်းမြို့နယ် ချင်းဆက်လမ်းဖြစ်ပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့ထိလမ်းအခြေအနေတင်ပြရလို့ရှိရင် ဆောမြို့နယ်အပိုင်းမှာ ကတ္တရာလမ်းက ၃ မိုင်နဲ့ ၂ ဖာလုံ၊ ကျောက်လမ်းက ၃ မိုင်၊ အမာခံလမ်း ၁၈ မိုင် ၄ ဖာလုံ၊ စုစုပေါင်း ၂၄ မိုင် ၆ ဖာလုံ ရှိပါတယ်။ ဆိပ်ဖြူမြို့နယ်အပိုင်းမှာ ကတ္တရာလမ်းက ၁၀ မိုင်နဲ့ ၇ ဖာလုံ၊ အမာခံလမ်းက ၂၄ မိုင် ၁ ဖာလုံ၊ မြေလမ်းက ၉ မိုင်နဲ့ ၄ ဖာလုံ၊ စုစုပေါင်း ၄၄ မိုင်နဲ့ ၄ ဖာလုံရှိပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလမ်းရဲ့စုစုပေါင်းဟာ ကတ္တရာလမ်းက ၁၄ မိုင် ၁ ဖာလုံ၊ ကျောက်လမ်းက ၃ မိုင်၊ အမာခံလမ်းက ၄၂ မိုင် ၅ ဖာလုံ၊ မြေသားလမ်းကတော့ ၉ မိုင်နဲ့ ၄ ဖာလုံ၊ အားလုံး ၆၉ မိုင်နဲ့ ၂ ဖာလုံရှိပါတယ်။ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှာဖြစ်ပွားခဲ့သော ဂီရိမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးရွာသွန်းမှုများပြားပြီး မိုင်တိုင် ၄၄ မိုင် ၄ ဖာလုံကနေပြီးတော့ ၆၆ မိုင် ၀ ဖာလုံ အတွင်းမှာ

လမ်းသားပဲ့ကျခြင်းနဲ့ မြေပြိုခြင်းများ၊ လမ်းပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။ လမ်းဆက်သွယ်မှု မပြတ်တောက်စေရန်အတွက် စက်ယာဉ်ယန္တရားကြီးများသုံးပြီး ၁၀ ရက်အတွင်းမှာပဲ လမ်းပွင့်သွား အောင်ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ဂန့်ဂေါခရိုင်အင်ဂျင်နီယာမှူးနဲ့အဖွဲ့က ဆောင်ရွက် ခဲ့ပါတယ်။ လမ်းဘေးပဲ့ကျခဲ့တဲ့မြေနေရာအသစ်လည်း မြေသားလမ်းအဆင့်မြှင့်တင်ပြီးတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ မကွေးတိုင်းဒေသကြီးရဲ့ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေကနေပြီးတော့ လုပ်ဆောင်တဲ့ လုပ်ငန်းများကိုတင်ပြရရင် လမ်း-တံတားသာမန်ပြင်ဆင်ထိန်းသိမ်းခြင်းက ၆၉ မိုင် ၂ ဖာလုံ၊ အမာခံလမ်းမှ မြေသားလမ်းအဆင့် နိမ့်ကျပျက်စီးနေသောအပိုင်းအားကျောက်ဖြည့်ခြင်း၊ သဲပြုံးခင်းကျင်း၊ သုံးလက်မထုခင်းကြိတ်ခြင်း၊ လမ်းချောခြင်းက ၁ မိုင်၊ အမာခံလမ်းမှ ၁၂ ပေ၊ လမ်းအကျယ် ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းက ၂ မိုင် ၁ ဖာလုံတို့ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိပ်ဖြူ-ဆောလမ်းပေါ်ရှိတဲ့ ၃၆၀ ပေရှိတဲ့ ဆောမြို့တွင်းတံတားဟာ တစ်လွှာတစ်ထပ်ဘေလီတံတားဖြစ်ပါတယ်။ တံတားရဲ့အုတ်မြစ်မှာ သံကူကွန်ကရစ်ရေတွင်းခွေအမျိုး အစားဖြစ်ပြီး ရေလည်တိုင်နဲ့ကမ်းကပ်ခုံမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပါတယ်။ သစ်သားကြမ်း ခင်း၊ ဘီးလမ်းများပြုပြင်ရန်နဲ့ တံတားတစ်စင်းလုံး ကြံ့ခိုင်ရေးကောင်းမွန်ရန်အတွက် ဂန့်ဂေါခရိုင်၊ အင်ဂျင်နီယာမှူးနဲ့အဖွဲ့ကနေပြင်ဆင်ထိန်းသိမ်းခြင်း တာဝန်များ ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ အခြေအနေမှာတော့ ကြံ့ခိုင်မှုကောင်းမွန်နေသောအခြေအနေရှိပြီး သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရန် လောလောဆယ်အစီအစဉ်မရှိသေးပါ။ ဆိပ်ဖြူ-ဆောလမ်းကိုလည်း အဆင့်မြှင့်တင်ခြင်းနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုဆောင်ရွက် ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး နှစ်ငွေလုံးငွေရင်းနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေများတင်ပြတောင်းခံပြီးဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၃)ကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၃) ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းကနေပြီးတော့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တင်ပြတဲ့မေးခွန်း ဖြစ်ပါတယ်။ အဲဒီမေးခွန်းကတော့ အရှည် ၂၇ မိုင် ၄ ဖာလုံ ရှိသောမြေပုံနဲ့ မင်းပြားမြို့ကိုဆက်သွယ်ထားသော ကျောက်လမ်းအားကားကြီး၊ ကားငယ် များသွားလာနိုင်ရေးအတွက် ကတ္တရာလမ်းခင်းပေးနိုင်မည်လား သို့မဟုတ် မြေပုံ-မင်းပြား ကတ္တရာ လမ်း အား နိုင်ငံတော်အစိုးရမှ ယခုထက်ပိုမိုကောင်းမွန်လာအောင် မည်ကဲ့သို့ဆောင်ရွက်နိုင်မည်ကို သိရှိလိုကြောင်း မေးထားသောမေးခွန်းကိုရှင်းလင်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြေပုံ နဲ့ မင်းပြားလမ်းဟာ မိုင်အရှည်အားဖြင့် ၂၄ မိုင် ၇ ဖာလုံရှိပါတယ်။ ရခိုင်ပြည်နယ်

အတွင်းကုန်းတွင်းပိတ် ပင်လယ်ကမ်းခြေမြေပုံမြို့ကနေမင်းပြားကို ဆက်သွယ်သောလမ်းတစ်လမ်းဖြစ်ပါတယ်။ ယခင်ကာလများက လူထုလုပ်အားဖြင့် ကျေးရွာချင်းဆက်မြေသားလမ်းတာပေါင်ပဲ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၀၉ ခုနှစ်၊ မတ်လမှ သာလျှင်စတင်တာဝန်ယူတာဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်၊ မတ်လမှာ လမ်းအူကြောင်းတိုင်းတာပါတယ်။ စက်ယာဉ်ယန္တရားများနဲ့စတင်ပြီးဖောက်တဲ့လမ်းဖြစ်ပါတယ်။ မြေပုံမြို့နယ်မှာ ၇ မိုင်နဲ့ ၂ ဖာလုံပဲပါပြီးတော့ မင်းပြားမြို့နယ်ပိုင်းက ၁၇ မိုင် ၅ ဖာလုံပါ ပါတယ်။လမ်းတစ်လျှောက်တွင်မှာ ကံသာရွာ၊ ဒဂုံရွာ၊ ဝက်ခေါင်းရွာ၊ ခမောင်းရွာ၊ တောင်ရှည်ပြင်ရွာစတဲ့ရွာကြီး ၁၅ ရွာကို ဖြတ်သန်း၍ ဖောက်လုပ်ထားတဲ့ အတွက်ဒေသတွင်းမှာလည်း အရေးပါတဲ့လမ်းတစ်လမ်းဖြစ်ပါတယ်။ ဖြတ်သန်းတဲ့ လမ်းတစ်လျှောက်မှာမြစ် ၁ စင်း၊ ချောင်းကျယ် ၅ ခုနဲ့ ချောင်းငယ်များ ပေါ်များခြင်းကြောင့် တံတားပေါင်း ၅၈ စင်းရှိပါတယ်။ မြေပုံမြို့မှ ၆ မိုင် ၆ ဖာလုံကို ဝက်ခေါင်းရွာထိ ကျောက်လမ်းခင်းပြီးဖြစ်ပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့ လမ်းအခြေအနေတင်ပြရရင် ကျောက်လမ်း ၁၄ မိုင်၊ မြေသားလမ်း ၁၀ မိုင် ၇ ဖာလုံဖြစ်ပါတယ်။ စုစုပေါင်း ၂၄ ဖာလုံ ၇ဖာလုံဖြစ်ပါတယ်။ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနဲ့တစ်ပြိုင်တည်း တံတားများကိုလည်း တည်ဆောက်ပေးမှာဖြစ်တဲ့အတွက် အောက်ပါတံတားများ တည်ဆောက်လျက်ရှိပါတယ်။ ပိုက်ရေပြွန်ဖြင့် ၃ စင်း၊ ၅၀ ပေအောက် သစ်သားတံတား ၁၂ စင်း၊ ၅၀ ပေအထက်အုတ်စီကမ်းကပ်ခုံနှင့် သစ်သားတံတား ၃၇ စင်း၊ ပေ ၅၀ မှ ပေ၁၀၀ အောက်သစ်သားတံတားများဖြစ်တဲ့အတွက် တက်ခုတ်ချောင်းနဲ့ ဖလောင်းပြင်တံတားဖြစ်တဲ့ ၂စင်း၊ ၅၀ပေမှ ၁၀၀ပေအောက် အုတ်စီကမ်းကပ်ခုံနှင့်သစ်သားတံတားများ သာယာကုန်းနဲ့ချော်ချောင်းတံတားမှာ ၂ စင်း၊ ၁၂၀ ပေ ရှည်သစ်သားနဲ့ ဘေလီပေါင်းစပ်ထားတဲ့ ငတန်ပျင်းချောင်းတံတား ၁ စင်း၊ စုစုပေါင်းတံတား ၅၇ စင်းတို့ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းရန်ပုံငွေနဲ့လည်း သစ်သားတံတားများကြံ့ခိုင်မှုရှိစေရန် ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပုံ-မင်းပြားလမ်းဟာ ကျေးရွာပေါင်း ၁၅ ရွာကို ဖြတ်သန်းဖောက်လုပ်ထားပြီး ဒေသခံပြည်သူများအားထားရတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ ပထမဦးစွာ လမ်းအကျယ် ၃၄ ပေ လမ်းတာပေါင်ရရှိအောင်ဆောင်ရွက်ပြီး ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဆင့်ကိုစတင်ပြီး မြှင့်တင်ရမှာ ဖြစ်ပါတယ်။ လောလောဆယ် အစီအစဉ်များအရ ကတ္တရာခင်းနိုင်တဲ့ အစီအစဉ်မရှိသေးပါ။ လမ်း-တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေများ တင်ပြတောင်းခံထားပြီး ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်

သွားမည်ဖြစ်ကြောင်း တင်ပြရှင်းလင်းအပ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီး မေးခွန်းနံပါတ် ၄ ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနံပါတ် ၄ ကတော့ အလုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည်ကနေပြီးတော့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို မေးမြန်းထားတဲ့ နိုင်ငံ့ဝန်ထမ်းများအတွက်သော်လည်းကောင်း၊ အိမ်ရာလိုအပ်လျက်ရှိသော ပြည်သူများအတွက်သော်လည်းကောင်း၊ တန်ဖိုးနည်းဝန်ထမ်းအိမ်ရာများ၊ တန်ဖိုးနည်းပြည်သူ့အိမ်ရာများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရန် အစိုးရနဲ့ပုဂ္ဂလိကပူးပေါင်းပြီး ဆောင်ရွက်သောနည်း၊ ပိုမိုကောင်းမွန်သောနည်းလမ်းများ၊ ဥပမာ - အစိုးရမှမြေကွက်ပေးပြီး ပုဂ္ဂလိကမှ ဆောက်လုပ်ရေးအပိုင်းများကို တာဝန်ယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုသောမေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ၁၉၆၇ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာနှင့် သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏအိမ်ရာတို့မှာ တန်ဖိုးနည်း ၅၀ ရာခိုင်နှုန်း ငွေပေးချေပြီး တက်ရောက်နေထိုင်ခွင့်ပေးပြီး ၁၅ နှစ်ကာလအကြာ အရစ်ကျဖြင့် ရောင်းချသွားတဲ့စနစ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ ငွေပေးချေတဲ့နေရာမှာလည်း ဘဏ်အတိုးနှုန်းအတိုင်းဆောင်ရွက်ပြီး ငွေကျေသည့်အခါကျမှ ဦးပိုင်ဂရန်ကို ထုတ်ပေးခဲ့တာဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှာ ယုဇနဥယျာဉ်မြို့တော်ကို အိမ်ရာစီမံကိန်းကို နိုင်ငံတော်နဲ့ပုဂ္ဂလိကလုပ်ငန်းရှင်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့တဲ့အခါမှာ ၄ ထပ်အခန်းတွဲတိုက်များ၊ လုံးချင်းတိုက်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ထိုအချိန်က အနည်းဆုံးတန်ဖိုးဟာ ၄ သိန်းခန့်နဲ့ စတင်ရောင်းချခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာ အနည်းဆုံး ၂၃ သိန်း ဖြစ်ပေါ်လာပြီးတော့ အများဆုံးဟာ ၄၇ သိန်း ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်ကျတဲ့အခါမှာ ခန့်မှန်းဈေးနှုန်းအရဆိုရင် ၄၄ သိန်း၊ အများဆုံး ၇၈ သိန်းအထိ ရောင်းချခဲ့တဲ့အဆင့် ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မြေနေရာသတ်မှတ်ပေးပြီး ကုမ္ပဏီများအဆောက်အဦဆောက်လုပ်ရေး၊ မြေနေရာအကွက်အကွင်းအလိုက် အချိုးကျသတ်မှတ်ခွဲဝေလျက်ဌာနမှရရှိထားသော အခန်းများကိုလည်း ရာထူးအဆင့်အလိုက်ဝန်ထမ်းများကို ဆောင်ရွက်ပေးလိုသလို လူမှုရေးအခက်အခဲအရဖြစ်ပေါ်နေတဲ့လူများကိုလည်း လျှောက်ထားလာသည့်လျှောက်လွှာပေါ်မှာ ဘုတ်အဖွဲ့နဲ့စိစစ်ပြီး ရောင်းချပေးတာမျိုးလည်းရှိခဲ့ပါတယ်။ ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်ဖြင့်လည်း အဆောက်အဦများဆောက်လုပ်ပြီးတော့ လျှောက်ထားလာသည့် လျှောက်လွှာများကို ဘုတ်အဖွဲ့ဖြင့်စိစစ်ပြီးတော့လည်း ရောင်းချပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများအတွက်သော်လည်းကောင်း၊ အိမ်ရာလိုအပ်လျက်ရှိသော ပြည်သူများအတွက်သော်လည်းကောင်း၊ တန်ဖိုးနည်းအိမ်ရာများ၊ တန်ဖိုးနည်းပြည်သူ့အိမ်ရာရောင်းချပေးနိုင်ရေး၊ အစိုးရနဲ့ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သောနည်းလမ်း၊ ပိုမိုကောင်းမွန်သောနည်းလမ်းအသီးသီး ဖော်ဆောင်နိုင်ရန် ၁၉၆၇ ခုနှစ်တွင် ပြည်တွင်းထုတ်ချေးငွေဖြင့် ၁၅ ရစ်၊ အရစ်တစ်ရစ်လျှင်တစ်ကြိမ်၊ ၁၉၉၇ ခုနှစ်မှာ မြေနေရာပေးခြင်းနဲ့ ယုဇနကုမ္ပဏီကနေ အဆောက်အဦဆောက်လုပ်ခြင်း ရောင်းချမှုတစ်ကြိမ် ယခင်က စုစုပေါင်း ၂ ကြိမ် ဆောင်ရွက်ခဲ့သော်လည်း တန်ဖိုးနည်းဝန်ထမ်းအိမ်ရာနှင့် တန်ဖိုးနည်းပြည်သူ့အိမ်ရာ အရစ်ကျဆောက်လုပ်နိုင်ရန်အတွက်လောလောဆယ်အစီအစဥ်မရှိသေးကြောင်း ရှင်းလင်းတင်ပြရင်း ကျွန်တော့်ရဲ့ တင်ပြချက်များကိုနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက်များဟာ အင်မတန်မှ အရာရောက်ပါတယ်။ ခေတ်စကားနဲ့ ပြောရမယ်ဆိုရင် ရိုက်ချက်တွေလည်းပြင်းပါတယ်။ ဒါကြောင့်လည်း ပြည်ထောင်စုအဆင့်ဝန်ကြီးများဟာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးမြန်းချက်အပေါ် မူတည်ပြီးတော့ အခြားအလုပ်တွေရှိတဲ့ကြားက လာရောက်ပြီး ဖြေရတာဖြစ်ပါတယ်။ ဒါကလည်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြည်သူများက ပေးထားတဲ့အခွင့်အရေးကို ကောင်းစွာအသုံးပြုတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုတင်ပြတဲ့နေရာမှာ စနစ်တကျနဲ့ ပြည်သူ့ဆန္ဒအမှန်များကို တင်ပြဖို့လိုကြောင်း တင်ပြလိုပါတယ်။ ဒီနေရာမှာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဒီနေ့ ဒီအတိုင်း ကျွန်တော်ဆွေးနွေးပါမယ်ဆိုပြီးတော့ လွှတ်တော်ဥက္ကဋ္ဌ ကျွန်တော့်ဆီကို စာပေးတင်ပြပါတယ်။ ဒီအခါမှာ ဒီစာကို ကျွန်တော် မကြည့်ပါဘူး။ လက်မခံပါဘူး။ လွတ်လပ်စွာ တင်ပြနိုင်တယ်။ ဆင်ဆာမရှိပါဘူး။ သို့ရာတွင် ကိုယ်တင်ပြတဲ့စာသည် ကျွန်တော်တို့

ကန့်သတ်ထားတဲ့ အချက်တွေမပါဖို့သာ လိုပါတယ်။ မဆိုင်တဲ့အကြောင်းအရာတွေ၊ မဆိုင်တဲ့စကားလုံးတွေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေတဲ့ ကိစ္စအပါအဝင် အခြားဥပဒေနဲ့မညီတာတွေမပါဘဲနဲ့ ဥပဒေနဲ့ ညီတာတွေကို လွတ်လွတ်လပ်လပ် တင်ပြနိုင်ခွင့်ရှိပါတယ်။ ဒါလွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးဖြစ်ပါတယ်။ ပြန်ပြောမယ်ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြတဲ့မေးခွန်းတွေ အမှန်တော့ တင်ပြတဲ့ဆိုတဲ့စကားက နည်းနည်းလေးနားထောင်လို့ကောင်းတယ်။ ဒီမေးခွန်းတွေ မေးမယ်ဆိုတာကို ဥက္ကဋ္ဌဆီပေးပို့တယ်။ ဥက□ကဋ္ဌက စိစစ်ရတယ်။ စိစစ်ပြီးတဲ့အခါမှာ သက်ဆိုင်ရာအစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာပြည်ထောင်စုအဆင့်များကို ပေးပါတယ်။ တကယ်တမ်းတော့ ခိုင်းတာပါ။ ခိုင်းတာကို ကျွန်တော်တို့ လိုက်ပြီးတော့ လုပ်ကြရန်ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရရှိဖို့ဆိုတဲ့နေရာမှာလည်း လွယ်လွယ်နဲ့တော့မရကြပါဘူး။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားပြီးမှ ရောက်လာတဲ့သူများဖြစ်တဲ့အတွက် မိမိတို့ရဲ့အခွင့်အရေး ပြည်သူ့ကိုယ်စားလှယ်များပီပီ အခွင့်အရေးကို မှန်မှန်ကန်ကန် တင်ပြတောင်းခံဖို့ပဲဖြစ်ပါတယ်။ အဲဒီလို တောင်းခံတဲ့အခါမှာ အခုန ကျွန်တော် ပြောတယ်လေ။ ဒီမှာ ကိုယ့်တာဝန်အသီးသီး ထမ်းဆောင်တဲ့နေရာမှာ အဲဒီဟာကို ခဏထား၊ ထားပြီးတဲ့အခါမှာ လာရောက်ဖြေရတာရှိပါတယ်။ ဒီကြားထဲမှာလည်း အဆိုတွေ၊ မေးခွန်းတွေ မေးတဲ့ထဲကမှ ကျွန်တော်တို့ မှတ်သားပြီးတော့ သက်ဆိုင်ရာကော်မတီတွေက သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ညှိနှိုင်းလို့ ညှိနှိုင်းချက်တွေကလည်း အဆင်ပြေမှုတွေရှိပါတယ်။ မိုင်းယောင်းမဲဆန္ဒနယ်က တင်ပြတဲ့စပါးရောင်းလို့ အခက်အခဲရှိနေတဲ့ကိစ္စအပါအဝင် စက်ပစ္စည်းတင်သွင်းတဲ့နေရာမှာ အခက်အခဲရှိတာကို ဘယ်လိုကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်မလဲဆိုတာ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိတဲ့အခါမှာ အခုတော့ အဆင်ပြေတယ်လို့ပြောပါတယ်။ ဒါပေမယ့် အဆင်ပြေတယ်ဆိုတာ ညှိနှိုင်းလို့အဆင်ပြေတာတင် မကဘဲနဲ့ တကယ့်လက်တွေ့နယ်ပယ်မှာ အဆင်ပြေအောင် ဆက်လက်ဆောင်ရွက်ဖို့လည်း သက်ဆိုင်ရာကော်မတီအသီးသီးက ဆိုင်ရာဆိုင်ရာကော်မတီအလိုက် ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြပါတယ်။ ဆက်လက်ပြီး မေးခွန်းများမေးမြန်းတဲ့အစီအစဉ် ဆောင်ရွက်ပါမယ်။ ဦးစဲကီကော်၊ မိုင်းခတ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစဲကီကော်(မိုင်းခတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြို့နယ်အသီးသီးမှ ရောက်ရှိလာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်ချမ်းသာကိုယ်ကျန်းမာနဲ့ ရှိစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် အစည်းအဝေးကို မိုင်းခတ်ပြည်သူလူထုရဲ့အသံကို တင်ပြခွင့်ရတဲ့အတွက်လည်း ကျေးဇူးအများကြီး တင်ရှိပါတယ်။ ကျွန်တော်တင်ပြမယ့်မေးခွန်းကို ဖတ်ကြားတင်ပြနိုင်အောင် ခွင့်တောင်းပန်ပါတယ်။

ကျိုင်းတုံမြို့နဲ့ မိုင်းခတ်မြို့ကို ဆက်သွယ်ထားသော ကားလမ်းသည် ၅၁ မိုင်ရှိပြီး မိုင်းခတ်မြို့မှ မိုင်းယန်းမြို့သို့ ဆက်သွယ်ထားသော ကားလမ်းဟာ ၂၂ မိုင် ကွာဝေးပါတယ်။ အားလုံး ၇၃ မိုင်ရှိပါတယ်။ ၁၉၈၈ ခုနှစ်ကစပြီး မဟာဗျူဟာလမ်းသစ်ဖောက်လုပ်ပြီး ကျောက်ခင်းလာရာ ကျောက်ခင်း၍ မပြီးသေးသောလမ်း ၅ မိုင် ၃ ဖာလုံလောက် ကျန်ရှိပါသေးကြောင်း သိရှိရပါတယ်။ ယခုနှစ် နှစ်စပိုင်းကစပြီး ရွှေ့ပြောင်းကားကြီးများ ၁၀ ဘီးကားကြီးများ အုပ်စုလိုက် နေ့စဉ်အစီး ၃၀ ခန့် သွားလာမှုကြောင့် မိုးတွင်းကာလတွင် ဒီလမ်းကြောင်းဟာ သွားလို့မရနိုင်တဲ့အထိ ဆိုးလာပါတယ်။ အချို့ပျက်တဲ့နေရာသည် ၃ ပေနှင့် ၄ ပေခန့် နက်သောချိုင့်ကြီးများဖြစ်ပြီး မိုးရွာကအိုင်ကြီးများ ဖြစ်နေပါသည်။ မိုးတွင်းကျိုင်းတုံသို့ သွားပါက ၅၁ မိုင်ခရီးကို တစ်ညအိပ်၊ နှစ်ညအိပ်နဲ့ ကျိုင်းတုံကို ရောက်ရှိနေပါ တယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်နှစ်မြို့နယ်တွင် လူဦးရေ ၃ သိန်းကျော်ခန့်ရှိပါတယ်။ ပြီးတော့ ဝန်ထမ်းပေါင်းစုံ၊ တိုင်းရင်းသားရေးနဲ့ စစ်ဗျူဟာ အခြေချတစ်ခုရှိပြီး ခရိုင်မြို့ဖြစ်တဲ့ ကျိုင်းတုံမြို့ကို နေ့စဉ် သွားလာနေကြကြောင်း သိရှိရပါတယ်။ ဒေသခံပြည်သူများသည် ဆင်းရဲကြပါတယ်။ လမ်းအခြေအနေကြောင့် ဒေသတွင်းကုန်ဈေးနှုန်းကြီးမြင့်မှု အရေးကြီးလူနာများရှိပါက ကျိုင်းတုံဆေးရုံသို့ပေးပို့တဲ့အချိန်တွင် အခက်အခဲများစွာတွေ့ရှိရပါတယ်။ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအတွက် အတော်ကလေး အခက်အခဲရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခုလို ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာတဲ့အချိန်တွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က လုပ်ဖော်ကိုင်ဖက်ဟောင်း အငြိမ်းစားဝန်ထမ်းများ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနဲ့ တွေ့ဆုံတိုင်း မေးလာတဲ့မေးခွန်းက မိုင်းခတ်၊ မိုင်းယန်းလမ်း ကောင်းပြီလားဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ကျွန်တော် မဖြေနိုင်ပါဘူးခင်ဗျား။ ကျွန်တော်ဆက်လက်ပြီး တင်ပြလိုတာက ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းဟာ အတက်အဆင်း ကြမ်းတမ်းမှုမရှိပါဘူး။ အနည်းငယ်သာရှိပါတယ်။ ဒါကြောင့် အတက်အဆင်းတွေကို ကတ္တရာ သို့မဟုတ် ကွန်ကရစ်ခင်းပေးနိုင်ပါက များစွာကောင်းလာနိုင်ကြောင်းလည်း တင်ပြလိုပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ နံပါတ်(၁)

ကျိုင်းတုံမြို့မှ မိုင်းခတ်မြို့နှင့် မိုင်းယန်းမြို့သို့ ဆက်သွယ်ထားသောလမ်း ၇၃ မိုင်ကို အဆင့်မြင့်လမ်း အဖြစ် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါတယ်။ မေးခွန်းနံပါတ်(၂) နိုင်ငံတော်မှ စီစဉ်ပေးမည့် လမ်းအစီအစဉ်ကိုလည်း မေးမြန်းလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ထွန်းသာ၊ မြောက်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်က ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဖိတ်ကြားထားတဲ့ပုဂ္ဂိုလ်များ အားလုံးကို ဘေးအန္တရာယ်ကင်းရှင်းကြပါစေ၊ လိုအင်ဆန္ဒပြည့်ဝကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသ၊ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွန်းသာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မဲဆန္ဒရှင်များ၏ကိုယ်စား မြောက်ဦးဒေသရှိ ကတ္တရာလမ်းများ ပြုပြင်ပေးရန်နှင့် စပ်လျဉ်းပြီးတော့ အနည်းငယ်တင်ပြလိုပါတယ်။ဥက္ကဋ္ဌကြီးအနေနဲ့ ကျွန်တော့်အား တင်ပြခွင့်ပေးရန် ခွင့်ပြုပေးပါခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးဒေသ တွင် ယခုနှစ်မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ကတ္တရာလမ်းများ ရေကြီးနစ်မြုပ် ခြင်းနှင့် ရေတိုက်စားမှုများကြောင့် အချို့သောလမ်းများဟာ လုံးဝပျက်စီးမည့် အခြေအနေသို့ ရောက်ရှိခဲ့ပြီး အချို့လမ်းများမှာ ကြံ့ခိုင်မှုမရှိတော့ဘဲ တစ်စစီတစ်စစီ ပျက်စီးယိုယွင်းလျက်ရှိနေပါ တယ်။ အထူးသဖြင့် ရန်ကုန်-မြောက်ဦး အဝေးပြေးကားဂိတ်သို့ သွားသည့်လမ်း၌ ခမရ ၃၇၇၊ ခမရ ၃၇၈ တပ်ရင်းသို့ သွားသည့် အောင်မင်္ဂလာရပ်ကွက်လမ်းများမှာ ကတ္တရာမရှိသလောက် ပျက်စီးသွား ပါတယ်။ မညီမညာ ဗွက်ပေါက်နေသော မြေသားကျောက်သားများပေါ်မှ ကားများ၊ ထော်လာဂျီများ၊ သုံးဘီးယာဉ်များ၊ ဆိုင်ကယ်များ၊ အနှေးယာဉ်များ ဘယ်စောင်းညာယိမ်း သွားနေရသဖြင့် ခရီးကြန့် ကြာမှုနှောင့်နှေးလျက်ရှိပါတယ်။ မြို့လယ်လမ်းများဖြစ်သည့် တောင်ရပ်-ရေပေါက်ဝ-ကံလှ လမ်းများမှာလည်း ရေတိုက်စားခံရမှုကြောင့် လမ်းပျက်သွားပြီး ဟိုတစ်ကွက်ဒီတစ်ကွက် စုတ်ပြတ် နေတာလည်းရှိနေပါတယ်။ ရန်ကုန်-မြောက်ဦး-စစ်တွေ အဝေးပြေးကားကြီးများ အဝင်အထွက်များ သည့် ညောင်ပင်ဈေး၊ ကြက်ဈေးရပ်ရှိ လမ်းများမှာလည်း မိုးအဆက်မပြတ် ရွာသွန်းခံရမှုကြောင့်

လည်းကောင်း၊ ကုန်ကားကြီးများ၏ အလေးချိန်ဒဏ်ကြောင့်တစ်ကြောင်း လမ်းနေရာအချို့ နိမ့်ဝင်သွားကာ ဗွက်အိုင်များ ဖြစ်ထွန်းလျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြောက်ဦးဒေသဟာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာနယ်မြေတစ်ခုဖြစ်တာကြောင့် ပုဂံဒေသကဲ့သို့ ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းပြည်ပ ဘုရားဖူး ဧည့်သည်များ၊ လေ့လာသူများ၊ သုတေသီများနဲ့ စာတမ်းပြုစုပြီး ပါရဂူဘွဲ့ယူမည့်ပုဂ္ဂိုလ်များ စိတ်ဝင် တစားလာရောက်ကြသည့် ဒေသဖြစ်သောကြောင့် မြောက်ဦးဒေသ သန့်ရှင်းသာယာလှပရေးနဲ့ လမ်းများ၊ တံတားများ ကောင်းမွန်ရေးမှာ မရှိမဖြစ်လိုအပ်လျက် ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော် မေးမြန်းလိုတာကတော့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြောက်ဦးဒေသရှိ ကတ္တရာလမ်းများ ကြံ့ခိုင်မှု မရှိဘဲ ပျက်စီးယိုယွင်းနေသည်ကို နိုင်ငံတော်မှ ရန်ပုံငွေချထားပေးပြီး အမြန်ဆုံးပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိပါသလား။ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို မဲဆန္ဒရှင် များ၏ ကိုယ်စား သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအိုက်ယွန်းမွန်း၊ မက်မန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်ယွန်းမွန်း(မက်မန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အားလုံးနေကောင်းကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက် ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မက်မန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်ယွန်းမွန်း ဖြစ်ပါတယ်။ ကျွန်တော်သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖြစ်သော ဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ မေးခွန်းများကို မေးမြန်းလိုပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်အစိုးရသည် ရှမ်းပြည်နယ်အတွင်းရှိ “ဝ” ခြောက်မြို့နယ်နှင့် မြို့နယ် ၃ ခုကို စုစည်း၍ ဟိုပန်ခရိုင်အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ မက်မန်းမြို့နယ်သည် “ဝ” လူမျိုး၊ ရှမ်းလူမျိုးနှင့် လားဟူ လူမျိုးစုပေါင်း နေထိုင်သော မြို့တစ်မြို့ ဖြစ်ပါတယ်။ ၂၇-၇-၂၀၁၁ ရက်နေ့တွင် “ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်တွင် ခုတင် ၅၀ ဆံ့မြို့နယ် ပြည်သူ့ဆေးရုံ ဖွင့်လှစ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုပန်ခရိုင်မှ လားရှိုး-တန့်ယန်းအထိ ကတ္တရာခင်းလမ်း ဖြစ်ပါတယ်။ လမ်းလည်း ကောင်းမွန်လျက်ရှိပါတယ်။ တန့်ယန်းနဲ့ မိုင်းရျူး ၅၆ မိုင်လမ်းမှာ ကတ္တရာခင်းလမ်း တစ်ဝက်၊ မြေသားလမ်းတစ်ဝက် ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုပန်ခရိုင်မှ မိုင်းမော-ပန်ဆန်း၊ မက်မန်းသို့သော်လည်းကောင်း၊ ဟိုပန်ခရိုင်မှ လားရှိုး-မန္တလေး-တောင်ကြီး-ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းပြင်းမှမက်မန်း သို့သော်လည်းကောင်း၊ သွားလာ၍ရသော်လည်း အလွန်ခရီးကွာဝေးပြီး ခရီးစရိတ်

လည်း ပိုမိုများပြားလျက် ရှိပါတယ်။ ထို့ကြောင့် မိုင်းရှူးနှင့် မက်မန်းသို့ ၉၈ မိုင်ခန့်လမ်းတွင် နွေ၊ မိုး၊ ဆောင်း ကျောက်ခင်းလမ်းအဖြစ် ပြုပြင်ပေးနိုင်ပါက ပြည်သူလူထုနဲ့ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် လွယ်ကူစွာ သွားလာနိုင်မယ်ဖြစ်ပါတယ်။ သို့ဖြစ်၍ မက်မန်းမြို့နယ်မှ ဟိုပန်ခရိုင်သို့ လွယ်ကူစွာသွားလာနိုင်ရေးအတွက် ကျန်ရှိသောမြေလမ်းများအား ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ လူထုရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကျော်တင်ရွှေ၊ မိုင်းရှူးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်ရွှေ(မိုင်းရှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အလယ်ပိုင်း၊ မိုင်းရှူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လမ်းတံတားနဲ့ ပတ်သက်တဲ့မေးခွန်းများကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဤမေးခွန်းများကို ဖတ်ကြားမေးမြန်းခွင့်ပြုပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးအား ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ လမ်းပန်းဆက်သွယ်ရေးအပေါ်မှာ များစွာ တည်မှီလျက် ရှိပါတယ်။ မိုင်းရှူးမြို့မှ မိုင်းနောင်မြို့သို့ အဓိကဆက်သွယ်ထားသောလမ်းနဲ့ တံတားများ မကောင်းမွန်ခြင်းကြောင့်၊ ဆိုးကျိုးများကြောင့် ဒေသလုပ်သားပြည်သူများမှာ ယနေ့ထိတိုင် ခံစားနေကြရပါတယ်။ ယနေ့ထိဒေသလမ်းများမှာ ကျောက်ကြမ်းလမ်းအဆင့်လောက်သာရှိပြီး မိုင်းရှူးမြို့ အထွက် ၄ မိုင်အကွာရှိ နန့်ပန်ချောင်းဘေလီတံတားအမျိုးအစား၊ နန့်ကတ်တံတားသည်လည်း ကုန်တင်ကားများဖြတ်သန်းသွားလာနိုင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် သွင်းကုန်နဲ့ပို့ကုန်များကိုကားငယ်များ၊ ထော်လာဂျီများဖြင့် အဆင့်ဆင့်ကဲ့ယူသယ်ယူပို့ဆောင်နေရပါသဖြင့် မလိုလားအပ်သောဝန်ဆောင်ခများကြောင့် ပြည်သူလူထုများမှ ကုန်စျေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားနေကြရပါတယ်။ သို့ဖြစ်ပါသဖြင့် မိုင်းရှူးမှ မိုင်းနောင်းသို့ ဆက်သွယ်ထားသော အရှည် ၃၇ မိုင်ရှိကားလမ်းမကြီးအား အဆင့်မြှင့် ပြုပြင်ရန်နှင့် ကုန်တင်ကားများဖြတ်သန်းသွားလာနိုင်သော နန့်ကတ်တံတားကို အသစ်ပြန်လည် တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ ဖြေကြားပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်ကိုမေးမြန်းထားသော ပထမမေးခွန်းဖြစ်သော ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မိုင်းခတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော်ရဲ့ မေးခွန်းကိုဖြေကြားမှာဖြစ်ပါတယ်။ ဦးစဲကီကော်ရဲ့မေးခွန်းကတော့ မိုင်းခတ်မြို့နယ်သည် ကျိုင်းတုံမြို့ရဲ့မြောက်ဘက် မိုင် ၅၀ အကွာတွင်တည်ရှိပြီး မိုင်းယန်းမြို့နယ်နှင့် ၂၂ မိုင်ကွာဝေးပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ကျိုင်းတုံ-မိုင်းခတ်လမ်း ၅၁ မိုင်နှင့် မိုင်းခတ်-မိုင်းယန်းလမ်း ၂၂ မိုင်ကို မဟာဗျူဟာ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်နိုင်သဖြင့် သွားလာမှုအဆင်ပြေခဲ့ပါသည်။ ၂၀၁၁ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး ကုန်ချိန် ၂၅ တန် တင်ဆောင်သော ကားကြီး ၃၀ မျှအဆက်မပြတ်သွားသောကြောင့် လမ်းများဟာ ၄ ပေခန့် ချိုင့်ဝင်ပြီး ၆ နေရာလောက်ထိ ယိုယွင်းပျက်စီးပါသည်။ ထိုပျက်စီးသော နေရာများကို မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နဲ့ ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ မေးခွန်း ရောက်ရှိလာပါတယ်။ ၎င်းမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံ-မိုင်းခတ်လမ်း ၅၁ မိုင်နဲ့ မိုင်းခတ်-မိုင်းယန်းလမ်း ၂၂ မိုင် စုစုပေါင်းအရှည် ၇၃ မိုင်ရှိတဲ့အတွက် ကျိုင်းတုံ-မိုင်းခတ်- မိုင်းယန်းလမ်းဟာ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းမှာ အဓိကကျသော ဆက်သွယ်ရေးလမ်းကြောင်းကြီး ဖြစ်ပါတယ်။ မိုင်းယန်းမှတစ်ဆင့် “ဝ”အထူးဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ ဟိုတောင်း-မိုင်းပေါက်-မိုင်းပန်-ဟိုပန်တို့ကို ဆက်သွယ်သွားလာနိုင်ပြီးတော့ ဆီလူး-နမ့်လမ်းမှနေပြီးတော့ တရုတ်ပြည်နယ်စပ်ဖြစ်တဲ့နမ့်လမ်းတံတားကိုလည်း ဆက်သွယ်သွားလာနိုင်ပါတယ်။ဆီလူး-နမ့်လမ်း-မိုင်းလားမှနေတစ်ဆင့်လည်း ကျိုင်းတုံကို ဒေသပတ်လမ်းအဖြစ်လည်း အသုံးပြုသွားလာနိုင်တာကို တွေ့ရှိရပါတယ်။ ဒေသတွင်း အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့အတွက် နိုင်ငံတော်ကနေတော့ မဟာဗျူဟာလမ်းများ ဖောက်လုပ်ရေးကော်မတီကနေပြီးတော့ ၂၀၀၀ ခုနှစ်မှစပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလမ်းကို ၂၀၀၀ ခုနှစ်မှာစလုပ်တဲ့အခါမှာ မတ်လမှာ “ဝ”အထူးဒေသကနေပြီး တာဝန်ယူပြီးဖောက်လုပ်ခဲ့တဲ့လမ်းဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လကျမှ ဆောက်လုပ်ရေး

ဝန်ကြီးဌာနကို လွှဲပြောင်းပေးခဲ့သောလမ်းဖြစ်ပါတယ်။ ကျိုင်းတုံနဲ့ မိုင်းခတ်-မိုင်းယန်းလမ်းဟာ တောတောင်ထူထပ်ပြီး ပေ ၈၀၀၀ ကျော်မြင့်တဲ့ လွယ်မီးတောင်ကြောနဲ့ နမ့်လွေကမ်းပါးတစ်လျှောက် ဖောက်လုပ်ထားခြင်းကြောင့်ကို တောင်ကျရေများပြင်းထန်စွာကျတဲ့ အတွက် တောင်ကျချောင်းများကို ဖြတ်သန်းဖောက်လုပ်ထားတဲ့နေရာမှာ တောင်ပြိုခြင်း၊ တံတားများရေတိုက်စားခြင်း၊ လမ်းသားများ ပြတ်တောက်ခြင်းများနှစ်စဥ်ဖြစ်ပေါ်တဲ့လမ်းဖြစ်ပါတယ်။ နိုင်ငံတော်မဟာဗျူဟာလမ်း ဖောက်လုပ်ရေး အစီအစဥ်အရလည်း ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးအတွက် လမ်းတာပေါင်များကို ၃၄ ပေအကျယ်ရရှိရန် လမ်းချဲ့ခဲ့ပါတယ်။ ၁၆ ပေအကျယ် ကျောက်လမ်းခင်းခြင်းနဲ့ အတက်အဆင်း မတ်စောက်တဲ့နေရာတွေကို ကတ္တရာလမ်းခင်းခြင်းကိုဆောင်ရွက်ခဲ့ပါတယ်။ သစ်သားတံတားများကိုလည်း အမြဲတမ်းတံတားများအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေ တင်ပြရရင် ကတ္တရာလမ်းကတော့ ၁ မိုင်နဲ့ ၄ ဖာလုံ၊ ကျောက်စီအမာခံလမ်းကတော့ ၄၀ မိုင်နဲ့ ၂ ဖာလုံ၊ အမာခံလမ်းက ၂၅ မိုင်နဲ့ ၆ ဖာလုံ၊ မြေသားလမ်း ၅ မိုင် ၄ ဖာလုံ၊ စုစုပေါင်း ၇၃ မိုင်ရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ တံတားများရဲ့အနေအထားကို တင်ပြရပါလျှင် တံတားအမျိုးအစားအလိုက် ဆောင်ရွက်ထားတာကတော့ ပိုက်ရေပြွန်ထုတ် ၅၅ စင်းရှိပါတယ်။ ကျောက်စီကမ်းကပ်ခုံနှင့် သံကူ ကွန်ကရစ်တံတား ၃၁ စင်း ရှိပါတယ်။ ဘေလီတံတား ၄ စင်းရှိပါတယ်။ အားလုံးတံတား အစင်း ၉၀ ရှိပါတယ်။ ၎င်းတံတားအစင်း ၉၀ ကို သစ်သားအဆင့်မရှိရအောင် အားလုံးကွန်ကရစ်နဲ့ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ မတ်စောက်နေတဲ့ ကမ်းပါးများဖြစ်တဲ့အတွက်လည်း မြေထိန်းနံရံများ ၁၁ ခုလည်း တည်ဆောက်ထားပြီးတော့ဆက်သွယ်သွားလာမှုမှာ အခက်အခဲမရှိအောင် ဆောင်ရွက်ထားတာ ရှိပါတယ်။ မိုးရွာသွန်းမှုများပြားခြင်း၊ တန်ပိုကုန်တင်ကားကြီးများ သွားလာမှုများပြားခဲ့တဲ့အတွက် မြေသားပိုင်းများ နိမ့်ကျွံပျက်စီးမှုဖြစ်ပေါ်ပါတယ်။ အဲဒီလမ်းချိုင့်ကြီးကိုလည်း ကျောက်ဖြည့်ပြီး ဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ချောမွေ့စွာသွားလာနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ တန်ပို တင်ဆောင်ခြင်းကိုလည်း စမ်းသပ်စစ်ဆေးနိုင်ရန်အတွက် ကျိုင်းတုံနဲ့ မိုင်းခတ်လမ်းအပိုင်းမှာ ရှိတဲ့ ဝမ်တာပုံတံတားမှာ တန်ချိန်ကတ္တရာနဲ့ပတ်သက်လို့ စစ်ဆေးနိုင်ရန်အတွက် ကတ္တားကိုလည်း တပ်ဆင်ပြီးဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းနဲ့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ကျိုင်းတုံခရိုင် အင်ဂျင်နီယာအဖွဲ့နဲ့ မိုင်းခတ်မြို့နယ် အင်ဂျင်နီယာအဖွဲ့၊ မိုင်းယန်းမြို့နယ် အင်ဂျင်နီယာအဖွဲ့တို့ကနေပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းတို့ ဆောင်ရွက်နေတဲ့ အခြေအနေကတော့ လမ်းနိမ့်မြင့်ညှိပြီး

ကတ္တရာရေပိတ်လွှာများကို ပိတ်ဆို့ခြင်းကို ရှင်းလင်းခြင်းနဲ့ ကတ္တရာပိတ်လောင်းခြင်းဟာ ၁ မိုင် ၄ ဖာလုံ၊ ကျောက်ရောမြေဖြင့် လမ်းပေါက်ဖာထေးခြင်းဟာ ၃ မိုင် ၃ ဖာလုံ၊ ၂ လက်မ၊ ၄ လက်မ ကျောက်ခွဲစက်နဲ့ ကျောကများဖြင့် လမ်းပေါက်ဖာထေးခြင်းဟာ ၂ မိုင် ၅ ဖာလုံ၊ ကျောက်လမ်းခင်းခြင်းဟာ ၃ ဖာလုံ၊ ၅ ပေအကျယ် ၂၆ ပေ ရေပြွန်တည်ဆောက်ခြင်းက ၁ စင်း၊ ဘေလီတံတား သစ်သားယက်မများ၊ ကြမ်းခင်းများ၊ ဘီးလမ်းများခင်းခြင်းက ၁၇ စင်း၊ ယာယီ ရေမြောခရစ်ရိုက်ခြင်းက ၁ နေရာ၊ ယာယီလမ်းဖြတ်တဲ့နေရာမှာ မြောင်းများခင်းပြီး တည်ဆောက်ခြင်းက ၄၆ စင်းတို့ ဆောင်ရွက်ပေးထားတာ ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံ-မိုင်းခတ်လမ်းနှင့် မိုင်းခတ်-မိုင်းယန်းလမ်းတို့ကို လမ်း-တံတားများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေနဲ့သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံပြီးဖြစ်ပါတယ်။ ဦးစားပေးအဆင့်အလိုက် လမ်းအဆင့်တိုးမြှင့်သွားအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရှင်းလင်းအပ်ပါတယ်။ ဆက်လက်ပြီး ဒုတိယ မေးခွန်းကို ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒုတိယ မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွန်းသာ ကနေပြီးတော့ ပြည်သူ့လွှတ်တော်ကိုမေးခဲ့တဲ့ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၊ မြောက်ဦးဒေသရှိ ကတ္တရာလမ်းများကြံ့ခိုင်မှုမရှိဘဲ ယိုယွင်းပျက်စီးနေသည်ကို နိုင်ငံတော်မှ ရန်ပုံငွေချပြီးအမြန်ဆုံး ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းမှုအပေါ် ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ မင်းဘူး-အမ်း-စစ်တွေလမ်းဟာ ရခိုင်ပြည်နယ်၊ မြောက်ဦးဒေသ၊ မြောက်ဦးမြို့တွင်း ဖြတ်သန်းဖောက်လုပ်ထားတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ မြောက်ဦးမြို့ဟာ မင်းဘူး-အမ်း-စစ်တွေလမ်းရဲ့ မိုင်တိုင် ၁၁၀ မိုင် ၄ ဖာလုံရှိပြီးတော့ မြောက်ဦးမြို့နယ်အနေနဲ့လည်း ၉၉ မိုင် ၄ ဖာလုံမှနေပြီးတော့ ၁၂၈ မိုင် ၀ ဖာလုံအထိ ၂၈ မိုင် ၄ ဖာလုံ ရှည်လျားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းတစ်ခုလုံးအနေနဲ့ ကတ္တရာလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မြောက်ဦးမြို့တွင်းပိုင်းမှာ ၂၄ ပေ အကျယ်ကတ္တရာလမ်း ၄ ဖာလုံဆောင်ရွက်ထားတာဖြစ်ပါတယ်။ မြောက်ဦးမြို့နယ်၊ မင်းဘူး-အမ်း-စစ်တွေလမ်းပိုင်းပေါ်မှာ မူလသစ်သားတံတားဟောင်းများဖြစ်တဲ့ ၁၀၀ ပေအရှည်ရှိတဲ့ အလယ်ဈေးတံတား၊ ၇၀ ပေအရှည်ရှိတဲ့ ကြက်ဈေးတံတား၊ ၆၀ ပေအရှည်ရှိတဲ့ ငွေတောင်-ပေါက် တံတားများကိုလည်း အမြဲတမ်းသံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးပြီးဖြစ်ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ မင်းဘူး-အမ်း-စစ်တွေလမ်းရဲ့ မြောက်ဦးမြို့နယ်အနီးတစ်ဝိုက်မှာ ဆောင်ရွက်ထားချက်များကိုတင်ပြရရင် မူလကတ္တရာလမ်းဟောင်းအား လမ်းမျက်နှာပြင်အနိမ့်အမြင့်ညှိရန်အတွက် ကတ္တရာရေပိတ်လွှာ လောင်းခြင်းဟာ ၇ မိုင်နဲ့ ၂ ဖာလုံ၊ ကတ္တရာလမ်းပျက်အား ထပ်ပိုးလွှာခင်းခြင်းဟာ ၇ ဖာလုံ၊ တံတားအမှတ်၂/၁၀၄၊ ၂/၁၁၁၊ ၂/၁၀၃ တို့ကို သံကူကွန်ကရစ်တံတားအသစ်တည်ဆောက်ခြင်းက ၃ စင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့ ဆောင်ရွက်ထားတဲ့လုပ်ငန်းတွေကတော့ မြောက်ဦးမြို့နယ်အတွင်းကတ္တရာလမ်းပေါက်များ ကျောက်ဖြည့်ခြင်း၊ ဖြူးခင်းခြင်းက ၂၂မိုင်နဲ့ ၇ ဖာလုံ၊ ကတ္တရာ လမ်းဟောင်းအား လမ်းမျက်နှာပြင်အနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာ လောင်းခြင်းက ၆ မိုင်နဲ့ ၁ ဖာလုံ၊ မူလသစ်သားတံတားဟောင်းနေရာမှာ သံကူကွန်ကရစ်တံတားငယ် တည်ဆောက်ခြင်းဟာ ၆ စင်း ၎င်းလုပ်ငန်းများကို ယခုဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းဘူး-အမ်း-စစ်တွေလမ်းဟာ ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး ရခိုင်ပြည်နယ်ရဲ့ အဓိကဆက်သွယ်ရေးလမ်းကြောင်းကြီးဖြစ်ပါတယ်။ အဆိုပါလမ်းမကြီးဖြတ်သန်းသွားတဲ့ မြောက်ဦးမြို့နယ်လမ်းပိုင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများမှာတင်ပြတောင်းခံပြီး လမ်းတံတားများကို ယခုထက် အဆင့်မြှင့်တင်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၃)ကို ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းဟာ ရှမ်းပြည်နယ်၊ မက်မန်းမြို့၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ယွန်းမွန်းမှနေပြီးတော့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားတဲ့လမ်းဖြစ်ပါတယ်။ မက်မန်းမြို့နယ်မှ ဟိုပန်ခရိုင်သို့ လွယ်ကူစွာသွားလာနိုင်ရေးအတွက် တန့်ယန်းနဲ့မိုင်းရှူးမြို့ကြားရှိ ကျန်ရှိမြေလမ်းအား ပြုပြင်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တန့်ယန်း-မိုင်းရှူးလမ်းဟာ ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ တန့်ယန်းမြို့နဲ့ ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိတဲ့မိုင်းရှူးမြို့တို့ကို ဆက်သွယ်ထားသောလမ်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တန့်ယန်း-မိုင်းကောင်-မိုင်းအော့ကနေပြီးတော့ ရှမ်းပြည်နယ်မြောက်ပိုင်းနယ်စပ်ထိဟာ ၄၃ မိုင် ရှည်လျားပြီး ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းမှာတော့ မိုင်းအော့နယ်စပ်မှ မိုင်းရှူးမြို့အထိ ၁၂

မိုင်ရှည်လျားပါတယ်။ စုစုပေါင်း ၅၅ မိုင်ရှည်လျားပါတယ်။ ၃၀-၅-၂၀၁၁ နေ့အထိ လမ်းပြင်ဆင်ထားမှု အခြေအနေကို တင်ပြရပါက ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ကတ္တရာလမ်းက ၄၀ မိုင်၊ အမာခံလမ်းက ၃ မိုင်၊ စုစုပေါင်း ၄၃ မိုင် ရှိပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာတော့ ကတ္တရာလမ်းဟာ ၁၂ မိုင် ရှိပါတယ်။ ဒါကြောင့်မို့လို့ စုစုပေါင်းကတ္တရာလမ်းဟာ ၅၂မိုင်နဲ့ မြေသားအမာခံလမ်းဟာ ၃ မိုင်နဲ့ စုစုပေါင်း ၅၅ မိုင်ရှိတာဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းအပိုင်းမှာ လားရှိုးခရိုင်၊ တန့်ယန်း မြို့နယ် အင်ဂျင်နီယာအဖွဲ့မှ တာဝန်ယူထိန်းသိမ်းပြီးတော့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ လွယ်လင်ခရိုင်၊ မိုင်းရှူးမြို့နယ် အင်ဂျင်နီယာအဖွဲ့ကနေ တာဝန်ယူဆောင်ရွက်တဲ့လမ်းပိုင်း ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခွဲဝေရရှိတဲ့သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားတာကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ အပိုင်းမှာ သာမန် ပြင်ဆင်ထိန်းသိမ်းခြင်းက ၂၅ မိုင်၊ ကတ္တရာလမ်းပျက်များကို ကျောက်ကတ္တရာဖြင့် အကြီးစားဖာထေးခြင်းက ၆ မိုင်၊ ယာယီမျှောဖြင့်ရေပွွန်တံတားများ သံကူကွန်ကရစ် ရေပိုက်များနဲ့ ရေပွွန်များ အစားထိုးတည်ဆောက်ခြင်းက ၁၅ စင်း၊ နောက်ရှမ်းပြည်နယ်တောင်ပိုင်း ဆောင်ရွက်ထားတာကတော့သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းက ၁၂ မိုင်၊ ကတ္တရာဖြင့် အကြီးစားလမ်းပေါက်များ ဖာထေးခြင်းက ၅ မိုင်၊ သစ်သားတံတားများ၏ ယက်မတွေ၊ ကြမ်းခင်းတွေ၊ ဘီးလမ်းတွေ၊ လက်ရမ်းတွေပြုပြင်ခြင်းက ၆ စင်းတို့ ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း ဆက်သွယ်ထားသော တန့်ယန်း-မိုင်းရှူးလမ်းပေါ်ရှိ လမ်းတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများ တင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြရှင်းလင်းအပ်ပါတယ်။

ဆက်လက်ပြီး နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ် ၄ ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းနံပါတ် ၄ကတော့ မိုင်းရှူးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရွှေကနေပြီးတော့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို မေးမြန်းတဲ့မေးခွန်း ဖြစ်ပါတယ်။ မိုင်းရှူးမြို့မှ မိုင်းနောင်မြို့သို့ ဆက်သွယ်သွားလာသော အရှည် ၃၇ မိုင်ရှိ ကားလမ်းမကြီးအား အဆင့်မြှင့်တင်ပြုပြင်ရန်နှင့် ကုန်တင်ကားများ ဖြတ်သန်းသွားလာနိုင်သော နမ့်ကတ်တံတားကို အသစ်ပြန်လည်တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ သိလိုတဲ့မေးခွန်းကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းရှူး-မိုင်းနောင်လမ်းဟာ ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချား-မိုင်းနောင်- မိုင်းရှူး-မိုင်းကောင်လမ်းပေါ်မှာရှိတဲ့ မိုင်းနောင်မြို့နယ်ခွဲ ၄၅ မိုင် ၄ ဖာလုံကနေပြီး မိုင်းရှူးမြို့နယ် မိုင်အမှတ် ၈၃ အထိ ဆက်သွယ်ထားသော ၃၇ မိုင် ၄ ဖာလုံရှည်လျားတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းနောင်မြို့နယ်ခွဲ အင်ဂျင်နီယာအဖွဲ့ကနေပြီးတော့ မိုင်တိုင် ၄၅ မိုင် ၄ ဖာလုံ၊ မိုင်းနောင်မြို့မှ ၆၆ မိုင်အထိ ၂၀မိုင် ၄ ဖာလုံကို ဆောင်ရွက်လျက် ရှိပါတယ်။ မိုင်းရှူးမြို့နယ်အင်ဂျင်နီယာအဖွဲ့ကတော့ ၆၆ မိုင်မှနေပြီး ၈၃ မိုင် မိုင်းရှူးမြို့အထိ ၁၇ မိုင်ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ၃၁-၅-၂၀၁၁ နေ့အထိ လမ်းအခြေအနေတင်ပြရရင် မိုင်းနောင် မြို့နယ်ခွဲအပိုင်းမှာ ကတ္တရာလမ်းက ၃ မိုင်နဲ့ ၂ ဖာလုံ၊ ကျောက်လမ်းက ၁၆ မိုင်နဲ့ ၄ ဖာလုံ၊ အမာခံလမ်း ၆ ဖာလုံ၊ စုစုပေါင်း ၂၀ မိုင်နဲ့ ၄ ဖာလုံရှိပါတယ်။ မိုင်းရှူးမြို့နယ်အပိုင်းမှာ ကတ္တရာလမ်းက ၃ မိုင် ၂ ဖာလုံ၊ အမာခံလမ်း ၁၃ မိုင်နဲ့ ၆ ဖာလုံ၊ စုစုပေါင်း ၁၇ မိုင်ရှိပါတယ်။ ဒါကြောင့်မို့လို့ရင်း ၃၇ မိုင် ၄ ဖာလုံအပိုင်းကိုကြည့်ရင် ကတ္တရာလမ်းဟာ ၆ မိုင် ၄ ဖာလုံနဲ့ ကျောက်လမ်းက ၁၆ မိုင်နဲ့ ၄ ဖာလုံ အမာခံလမ်းက ၁၄ မိုင်နဲ့ ၄ ဖာလုံရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့ အောက်ပါလုပ်ငန်းတွေကို ဆောင်ရွက်လျက် ရှိပါတယ်။ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းက ၃၇ မိုင်နဲ့ ၄ ဖာလုံ၊ ပျက်စီးနေသောလမ်းအပိုင်းများအား ကျောက်ဖြုံးများဖြင့်ဖာထေးခြင်းက ၁၇ မိုင်နဲ့ ၆ ဖာလုံ၊ ကတ္တရာလမ်းမျက်နှာပြင် အနိမ့်အမြင့်ညှိခြင်းနဲ့ ရေပိတ်လွှာလောင်းခြင်းက ၁ မိုင်၊ ကတ္တရာလမ်းပေါက်များဖာထေးခြင်းနဲ့ ရေပိတ်လွှာလောင်းခြင်းက ၃ မိုင်နဲ့ ၂ ဖာလုံ၊ သစ်သားတံတားများ၏ ယက်မများ၊ ကြမ်းခင်းများ၊ ဘီးလမ်းများ၊ ဘီးလမ်းလက်ရမ်းများအသစ်လဲခြင်းတို့က ၁၂ စင်း တို့လုပ်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်အတွင်း မိုင်းနောင်-မိုင်းရှူးကားလမ်း မိုင်တိုင် ၇၈မိုင် ၆ ဖာလုံမှာရှိတဲ့ တံတားအမှတ် ၂/၇၉ နမ့်ပန်ချောင်းရှိ နမ့်ကတ်တံတားဘေလီတံတားဟာ ၂၅၀ ပေအရှည်ရှိပါတယ်။ ခန်းဖွင့်အကျယ်ကတော့ အရှည်ပေ ၅၀ ပေ ရှိပြီး နှစ်လွှာတစ်ထပ်ဘေလီဖြစ်ပြီးတော့ အရှည် ၁၆၀ ပေရှိပါတယ်။ နောက်နှစ်လွှာ နှစ်ထပ်ဘေလီအရှည်ဟာ ၄၀ ပေနဲ့ ကျွန်တော်တို့ ဘေလီတင်ထားတာ ဖြစ်ပါတယ်။ ရေလည်တိုင်ကတော့ အုတ်ရိုးစီတိုင်များဖြင့်တည်ဆောက်ထားတာဖြစ်ပါတယ်။ နမ့်ပန်ချောင်း နမ့်ကတ်တံတားဟာ နှစ်ကာလကြာမြင့်သောလမ်းဖြစ်ပါတယ်။ ဘေလီသံပေါင်များဟာ ကြံ့ခိုင်မှုအားနည်းလာပြီဖြစ်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ တံတားအသစ်အဆင့်မြင့်တင်ဆောက်လုပ်ရန် ၂၄-၁-၂၀၁၁ ရက်နေ့မှာ

ကျင်းပပြုလုပ်တဲ့ အစိုးရအဖွဲ့ ၂/၂၀၁၁ အစည်းအဝေးကိုတင်ပြတဲ့အခါမှာ ခွင့်ပြုမိန့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ အဲဒါကြောင့် နမ့်ပန်ချောင်းနမ့်ကတ် ဘေလီတံတားအား တံတားအသစ်အဆင့်မြှင့်တင်ဆောက်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးရန်ပုံငွေမှာ တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းရှူး-မိုင်းနောင်ကားလမ်းပေါ်ရှိလမ်းများ၊ တံတားများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရရှိလာမယ့် ငွေလုံးငွေရင်းနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့အပေါ်မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ကြားသံများ)

**ဥက္ကဋ္ဌ**။ ။ဦးအောင်ထွန်းသာ၊ မြောက်ဦးမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်များအားလုံး ရွှင်လန်းသာယာရှိကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ မြောက်ဦးမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးအောင်ထွန်းသာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် မဲဆန္ဒရှင်များ၏ တင်ပြချက်အရ မြောက်ဦးမြို့၊ ကံလှတံတားနဲ့ ညောင်ပင်ဈေးတံတား တည်ဆောက်ပေးရန်ကိစ္စနဲ့ပတ်သက်ပြီးတော့ အနည်းငယ်တင်ပြခွင့်ပြုပေးပါရန် ဥက္ကဋ္ဌကြီးအား ခွင့်တောင်းခံအပ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် မြို့သူမြို့သားများနဲ့ ခရီးသွားလုပ်သားပြည်သူများ တစ်နေရာမှတစ်နေရာသို့ သွားလာမှုလွယ်ကူစေရန် သံတံတား ၇ စင်းနဲ့ သစ်သားတံတား ၁ စင်း၊ စုစုပေါင်းတံတား ၈ စင်းရှိပါတယ်။ သံတံတားများကို အင်္ဂလိပ်အစိုးရလက်ထက် ၁၉၂၈ ခုနှစ်တွင် တည်ဆောက်ခဲ့ကြောင်း တံတားဘေးအုတ်ခုံတွင် ရေးထားသည့်မှတ်တမ်းများအရ သိရှိရပါတယ်။ ယနေ့ကာလအထိဆိုလျှင် တံတားကိုအသုံးပြုမှု သက်တမ်းဟာ နှစ်ပေါင်း ၈၃ နှစ်ကြာမြင့်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီတံတားများအတွင်းမှ အလယ်ဈေးတံတားနဲ့ ကြက်ဈေးတံတားနှစ်စင်းဟာ ရန်ကုန်-စစ်တွေ ကားလမ်းအပိုင်းတွင် ပါဝင်ခဲ့သောကြောင့် ယခုအခါ သံကူကွန်ကရစ်တံတားများအဖြစ် အသစ်တည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။ နောက် မြို့၏ အချက်အခြာအကျဆုံး တံတားတစ်စင်းဖြစ်သည့် တောင်ရပ် တစ်နည်းအားဖြင့်ပြောရရင် ဂါလာတုန်တံတားကို ဘေးတစ်ဖက်တစ်ချက်စီမှာ ၃ ပေစီတိုးချဲ့ပြီး ပြန်လည်တည်ဆောက်ခဲ့ပြီးပါပြီ။ ယခု ဝါဈေး

တံတားကိုလည်း အသစ်ပြန်လည်တည်ဆောက်လျက်ရှိပါတယ်။ အဲဒီတံတားနှစ်စင်း တည်ဆောက်ပေးခဲ့တဲ့အတွက် နိုင်ငံတော်အား မြောက်ဦးမြို့ပေါ်ရှိ မဲဆန္ဒရှင်များအားလုံးက အထူးကျေးဇူးတင်လျက်ရှိကြောင်းပြောလိုပါတယ်။ သို့သော် ကျန်ရှိသော မြို့လယ်တံတားနှစ်စင်းဖြစ်သည့် ကံလှတံတားနဲ့ ညောင်ပင်စျေးတံတားတို့မှာ အောက်ခြေသံတိုင်အချို့ကျိုးပျက်နေတာကြောင့် တံတားအလယ်မှာနိမ့်ဆင်းလျက်ရှိနေပါတယ်။ ယနေ့ သို့မဟုတ် မနက်ဖြန် နှစ်ပိုင်းကျိုးပြီး ပြိုကျမြေခပျက်စီးမည့်အခြေအနေတွင် ရောက်ရှိနေပါသောကြောင့် ခရီးသွားလုပ်သားပြည်သူများနဲ့ တံတားအနီးနေပြည်သူများ အထူးစိုးရိမ်ကြောက်လန့်လျက် ရှိနေကြပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်များ၏ကိုယ်စားကျွန်တော်မေးမြန်းလိုတာကတော့ နှစ်ပေါင်း ၈၃ နှစ်ကြာမြင့်ခဲ့ပြီဖြစ်တဲ့ အန္တရာယ်ရှိ တံတားအိုနှစ်စင်း၊ ကံလှတံတား နဲ့ ညောင်ပင်စျေးတံတားမှာ ပြိုကျပျက်စီးမည့်အခြေအနေရှိသည်ကို နိုင်ငံတော်မှ သိရှိပါသလား။ သိရှိပါက မည်သည့်အချိန်တွင် တံတားအသစ်ပြန်လည်တည်ဆောက်ပေးမည်ကို သိလိုပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းသိန်းအောင်၊ တာချီလိတ်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသိန်းအောင်(တာချီလိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးကျန်းမာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တာချီလိတ်မြို့မှာ တာချီလိတ်မြို့ကနေ မိုင်းဘုန်းခကျေးရွာအုပ်စုထိ ၂၂ မိုင်ရှိတဲ့ လမ်းပေါ်မှာ ဝမ်ပုံလမ်းတံတား ဖြတ်သန်းခဆိုပြီးတော့ ဝါးတားဂိတ်တစ်ခုရှိပါတယ်။ ၎င်းဂိတ်ဖြတ်သန်းခအခွန်ငွေ ပေးဆောင်ရခြင်းမှာ ဆိုင်ကယ်တစ်စီးလျှင် အသွားအပြန်ထိုင်းဘတ်ငွေ ၄၀ ဘတ်၊ မြန်မာငွေအားဖြင့် ၁၂၀၀၊ ကားသေးတစ်စီးလျှင် အသွားအပြန်ထိုင်းဘတ်ငွေ ၁၀၀၊ မြန်မာငွေအားဖြင့် ၃၀၀၀ ကျသင့်တာကိုတွေ့ရှိရပါတယ်။ ဒီလိုကောက်ခံခြင်းဟာ ပြည်သူများက ဒီ ၂၂ မိုင်ရှည်လျားတဲ့ လမ်းပေါ်မှာ ၂ မိုင်ကျော်ကျော်လေးပဲ ခင်းထားပြီးတော့ အခွန်များကိုအဆမတန်ကောက်ခံတာ ၁၀ နှစ်ကျော်ပြီဖြစ်တဲ့အတွက် ပြည်သူများအတွက်နစ်နာမှုရှိတာကို တွေ့ရှိရပါတယ်။ ၂၇-၉-၂၀၁၁ ခုနှစ် အစည်းအဝေး ၂၆ ရက်မြောက်နေ့မှာ နောင်ချိုမဲဆန္ဒနယ်ကိုယ်စားလှယ်တော်ကြီး ဦးကျော်မြင့်ရဲ့မေးခွန်းကို ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးရဲ့ဖြေကြားချက်ထဲမှာ လမ်းဖောက်လုပ်ခြင်းက BOT နည်းအရမိုင် ၄၀ ခန့်မှ အခွန်ကောက်ခံခြင်းကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုက ခွင့်ပြုမှာဖြစ်တယ်လို့ဖြေကြားထားတာလည်း တွေ့ရှိ

ရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ၁၀-၈-၂၀၁၁ ခုနှစ် ကျွန်တော်သက်ဆိုင်ရာပြည်နယ်ဝန်ကြီး ဌာနထံတင်ပြခဲ့သော်လည်း သက်ဆိုင်ရာက ဒီဂိတ်ဟာစာရင်းထဲမှာမပါရှိဘူးလို့ ပြန်လည် ပြောကြားခဲ့ ပါတယ်။ ဒီလိုစာရင်းထဲမှာမပါရှိဘူးဆိုတာက နိုင်ငံတော်ဘဏ္ဍာငွေအတွက် ၁၀ နှစ်ကျော် တိုင်တိုင် နစ်နာဆုံးရှုံးခဲ့ရတယ်လို့ဘဲ ကျွန်တော် ယူဆပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းက ဒေသခံပြည်သူများက မိမိတို့ရဲ့အထွေထွေအလုပ်ကိစ္စနဲ့ ပတ်သက်ပြီးတော့ ၎င်းဂိတ်ကို နေ့စဉ်ဖြတ်သန်းသွားလာနေရပြီး ပေးဆောင်ရသော ဂိတ်ဖြတ်သန်းခသည် မတန်တဆများပြားနေ သဖြင့် ဒေသခံပြည်သူများအတွက် နစ်နာမှုများရှိနေသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ဤကိစ္စနဲ့ ပတ်သက်၍ မည်သို့သောအစီအစဉ်များဖြင့် ပြုလုပ်ဆောင်ရွက်သွားမည်ကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ဖြစ်ပါတယ်။ ပထမဦးစွာ ရခိုင်ပြည်နယ်၊ မြောက်ဦး မြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာရဲ့မေးခွန်းကို ပထမဖြေကြားသွားမှာ ဖြစ်ပါတယ်။ အဲဒီလိုဖြေကြားတဲ့နေရာမှာ ဒီမြောက်ဦးမြို့ဟာ ရခိုင်ပြည်နယ်အတွက်သာမက မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုဖြစ်တယ်၊ မြို့တစ်ခုဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအနေနဲ့ အလေးအနက်အသိအမှတ်ပြုပြီးဖြစ်ပါတယ်။ ဒီလို အသိအမှတ်ပြုတဲ့ အပြင် ဒီနှစ်စဉ်နှစ်စဉ် နိုင်ငံခြားသားမြောက်မြားစွာ လာရောက်လည်ပတ်နေတဲ့ မြို့အဖြစ်လည်း ကျွန်တော်တို့ အလေးအနက်ထားကြောင်းတင်ပြလိုပါတယ်။ ဒီလိုအလေးအနက်ထားတဲ့အတွက် ကြောင့်ပဲ ဒီမြောက်ဦးရဲ့အထင်ကရဖြစ်တဲ့ ဒီနန်းတော်ကုန်းပတ်ဝန်းကျင်မှာ အားလုံး တံတား ၁၁ စင်းရှိပါတယ်။ ၁၁ စင်းမှာအခုလတ်တလောကိုပဲ ကျွန်တော်တို့ ပြင်ဆင်ပေးခဲ့တာအားလုံး ပြင်ဆင် ပေးပြီးနဲ့ပြင်ဆင်ဆဲအားလုံး ၉ စင်းရှိပါတယ်။ ဒီ ၉ စင်းအတွက်လည်း ကျွန်တော်တို့ရန်ပုံငွေ အားလုံး ၄၉ သန်းကျော် ကျခံသုံးစွဲပြီးတော့ ပြင်ဆင်တာဖြစ်တဲ့အတွက်ကြောင့် ဒီနှစ် အတွင်းမှာပဲ ဒီတံတားတွေအားလုံးဟာ ပြီးစီးသွားမှာ ဖြစ်ပါတယ်။ ဒီလိုပြင်ဆင်တဲ့အခါမှာ ဒီ ၉ စင်းအနက်မှာတော့

၅ စင်းက ပြင်ဆင်ခြင်းဖြစ်ပြီးတော့ ၄ စင်းကတော့ အသစ်ဆောက်လုပ်ခြင်းပဲ ဖြစ်ပါတယ်။ ခုနကတင်ပြတဲ့ ဒီတံတား ၂ စင်းနဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့ သေချာလေ့လာ ကြည့်ရှုပြီး ဖြစ်ပါတယ်။ ဒီခေတ်ကြီးက IT ခေတ်ဖြစ်တဲ့အားလျော်စွာ ဒီတံတားရဲ့ဓာတ်ပုံတွေ အားလုံးလည်း ကျွန်တော့်လက်ထဲမှာ ရောက်ရှိပြီးဖြစ်တဲ့အပြင်ကို ပြည်သူ့လွှတ်တော်ကိုတင်ပြတဲ့ အထဲမှာလည်း အကုန်လုံးတံတားဓာတ်ပုံတွေနဲ့ အသေးစိတ်ကျွန်တော် တင်ပြထားတာ ဖြစ်ပါတယ်။ ခုနက ပြောကြားပြီးဖြစ်တဲ့အတိုင်းပဲ ဒီကံလှတံတား၊ သူကတော့ ကံလှရပ်ကွက်နဲ့ တောင်ရပ်ကွက်ကြားမှာ ရှိပြီးတော့ ၁၉၂၆ ခုနှစ်က တည်ဆောက်ခဲ့တဲ့တံတား ဖြစ်ပါတယ်။ Brick Pillars နဲ့ ဒီ Steel ယက်မနဲ့ နောက်တစ်ခါ ကွန်ကရစ်ကြမ်းခင်း ဖြစ်ပါတယ်။ သူကတော့ ၆၅ ပေ ၁၂ ပေအကျယ် ဖြစ်ပါတယ်။ နောက်ဒီတံတားအနေနဲ့ ကြည့်လိုက်တဲ့အခါမှာတော့ သူ့ရဲ့ Pillar တွေကလည်း တော်တော်လေး ကောင်းသေးတဲ့အနေအထားဖြစ်ပါတယ်။ သူ့မှာအဓိကတော့ ဒီကွန်ကရစ်အခင်းနဲ့ ကျွန်တော်တို့ လက်ရမ်းတွေကို ကျွန်တော်တို့ ပြုပြင်ပေးရမယ့်အနေအထားဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ အလားတူပဲ ညောင်ပင်ဈေးတံတားဟာ လက်ကောက်ဈေးရပ်ကွက်နဲ့ ညောင်ပင်ဈေးရပ်ကွက်ကို ဆက်သွယ်တဲ့တံတား ဖြစ်ပြီးတော့ သူကတော့ ၁၉၂၈ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့တံတား ဖြစ်ပါတယ်။ အလျားပေ ၈၀ ရှိပြီးတော့အကျယ် ၁၂ ပေရှိတဲ့ ကွန်ကရစ်တံတားပဲ ဖြစ်ပါတယ်။ သူ့တံတား အခြေအနေကတော့ လက်ရှိအခြေအနေမှာ တော်တော်နည်းနည်းဆိုးဝါးပါတယ်။ ရေတိုက်စားမှု ကြောင့် ညောင်ပင်ဈေးဘက်ကကမ်းကပ်ခုံဟာ ၂ ပေလောက်နိမ့်ကျနေတဲ့အတွက် ချက်ချင်းလက်ငင်း အန္တရာယ်ရှိနေတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါကြောင့်ဒီတံတားကို လက်တလော ဖြတ်သန်းလို့ မသင့်ဘူးဆိုတဲ့ အနေအထားဖြစ်တဲ့အတွက်ကြောင့် ခေတ္တတားထားပြီးတော့ ချက်ချင်းပြုပြင်ပေးဖို့ ကျွန်တော်တို့ စီမံဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာလည်း ဒီတံတား အရင်တုန်းက ဒီ**ပေလာ**တွေက ဒီအုတ်အမြောက်အများနဲ့ ဒီ ၁၉၂၈ ခုနှစ်လောက်ကတည်ဆောက်တဲ့ ဒီဇိုင်းဖြစ်တဲ့အတွက်ကြောင့် သူ့ကိုအခုချိန်မှာတော့ ဒီအတိုင်းလည်းပြန်ပြုပြင် လို့မရတော့ပါဘူး။ အဲဒီ အတွက်ကြောင့်သူ့မှာကျွန်တော်တို့ Bole Pile Foundation အနေနဲ့ နောက်တစ်ခါ Reinfore Concrete Columns နဲ့ နောက်တစ်ခါဒီ H-Beam အနေနဲ့ နောက်တစ်ခါ ကျွန်တော်တို့ Reinfore Concrete ကြမ်းခင်းတွေနဲ့ပြန်ပြီးတော့ တည်ဆောက်ပေးရမှာဖြစ်ပါတယ်။ ဒါကိုလည်းကျွန်တော်တို့ ဒီနှစ်ထဲမှာပဲပြီးစီးအောင် ကျွန်တော်တို့ ဆောင်ရွက်သွားပေးမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီတံတားတွေ တည်ဆောက်ဖို့အတွက် မူလကလည်း ဒီ ၉ စင်းကို ဆောင်ရွက်ပေးပြီးဖြစ်တဲ့အတွက်ကြောင့်

ဒီမြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေနဲ့တော့ ရန်ပုံငွေမရှိတော့ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ တွက်ချက်မှုအရတော့ နောက်ထပ်ရန်ပုံငွေကျပ်သန်း ၅၀ လောက်လိုအပ်မှာဖြစ်ပါတယ်။ ဒီကျပ်သန်း ၅၀ ကိုလည်း ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာန နိုင်ငံတော်ထောက်ပံ့ငွေရန်ပုံငွေကနေပဲ ကျခံပြီးတော့ တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ရှမ်းပြည်နယ်၊ တာချီလိတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသိန်းအောင်ရဲ့ **ဝမ်ပုံ**လမ်းတံတားဖြတ်သန်းခနဲ့ ပတ်သက်တဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလမ်းရဲ့ရာဇဝင်ကိုပြန်ပြီးတော့ ကြည့်လိုက်မယ်ဆိုရင်တော့ သူကခုနက လေယာဉ်ကွင်းကနေပြီးတော့ ဒီဘက်**ဝမ်ပုံ** ရွာဘက်ကိုဆက်သွယ်တဲ့ Link **လမ်း**သဘောမျိုးဖြစ်နေပါတယ်။ အဲတော့ **ဟောင်လိတ်** ကျေးရွာနဲ့ **ဝေလေလံ**ကျေးရွာကြားမှာရှိတဲ့ ဒီတံတားအပါအဝင် အရှည်မိုင် ၂ မိုင် ၅ ဖာလုံ ရှိတဲ့ ကတ္တရာလမ်းနဲ့ဆက်ထားတဲ့ ဒီလမ်းပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီလမ်းရဲ့ရာဇဝင်ကို ပြန်ကြည့်လိုက်တဲ့ အခါမှာတော့ ၁၉၉၈ ခုနှစ်လောက်က ရှမ်းပြည်နယ်အရှေ့ပိုင်း၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီကနေ ဒီစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခနလင်းကုမ္ပဏီနဲ့ BOT စနစ်နဲ့ နှစ် ၂၀ လုပ်ငန်း လုပ်ကိုင်ခွင့်ကို စာချုပ်ချုပ်ပြီးဆောင်ရွက်ခဲ့တဲ့လမ်းဖြစ်ပါတယ်။ သူကတော့ ဒီပင်မလမ်းနဲ့ဆက်စပ်တာ မဟုတ်ဘဲနဲ့ ဒီစက်မှုဇုန်နဲ့ ဝမ်ပုံရွာကို သီးခြားဆက်တဲ့ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအထူးလမ်း ဖြစ်တယ်ဆိုတာ တွေ့ရှိရတာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းကတော့ ၁၉၉၉ ခုနှစ်ကနေပြီးတော့ ၁-၃-၂၀၁၉ ခုနှစ်အထိ ဘယ်လိုနှုန်းထားတွေနဲ့ကောက်မယ်ဆိုတဲ့ဟာကို ဒီခရီးသွားပြည်သူတွေနဲ့ နှစ်ဦးနှစ်ဖက်လက်ခံနိုင်တဲ့ နှုန်းထားတွေနဲ့ ညှိနှိုင်းပြီးတော့ ကောက်ခံထားရှိဖို့ဆိုပြီးတော့ ဖော်ပြထားတာ တွေ့ရှိရပါတယ်။ အဲဒီနှုန်းထားများအရတော့ ဆိုင်ကယ်ဆိုလို့ရှိရင် ထိုင်းဘတ်ငွေ ၂၀၊ မြန်မာငွေ ၂၀၀၊ ကားဆိုလို့ရှိရင် ထိုင်းဘတ်ငွေ ၅၀၊ မြန်မာငွေ ၅၀၀၊ ထော်လာဂျီ ကုန်မပါရင် ထိုင်းဘတ်ငွေ ၃၀၊ မြန်မာငွေ ၃၀၀၊ နောက် ထော်လာဂျီကုန်ပါရင်ထိုင်းဘတ်ငွေ ၅၀၊ မြန်မာငွေ ၅၀၀၊ ကုန်တင်ကား ကုန်မပါရင် ထိုင်းဘတ်ငွေ ၅၀၊ မြန်မာငွေ ၅၀၀၊ နောက် ကုန်တင်ကားကုန်ပါရင် ထိုင်းဘတ်ငွေ ၁၀၀၊ မြန်မာငွေဆိုရင် ၁၀၀၀ ဆိုပြီးတော့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ဒီလို ကောက်ခံတဲ့အခါမှာလည်း နှစ်ဦးနှစ်ဖက်လက်ခံနိုင်တဲ့ နှုန်းထားဖြစ်မဖြစ်ဆိုပြီးတော့ စမ်းသပ်ကာလ ၃ လလောက်ကောက်ခံပြီးတဲ့ အခါကျမှ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိတဲ့အတွက် ဒီဈေးနှုန်းတွေကို လက်ခံဆောင်ရွက် ခြင်းဖြစ်ကြောင်း ကျွန်တော်တို့ စုံစမ်းတွေ့ရှိရပါတယ်။ သို့သော် နောက်ပိုင်းမှာ ဒီထိုင်းဘတ်ငွေရဲ့ တန်ဘိုးတွေ ပြောင်းလဲလာမှုကြောင့် ဒီလမ်းသုံးဖြတ်ခ ကျသင့်ငွေကိုလည်း မူလနှုန်းထားထက်ကျော်

လွန်ပြီးတော့ ကောက်ခံနေတယ်ဆိုတာလည်း ကျွန်တော်တို့ တွေ့ရှိရတာ ဖြစ်ပါတယ်။ အဲဒီတော့ အခုပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်ပြတဲ့ဒီလမ်းဟာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ လုပ်ပိုင်ခွင့် အာဏာအတွင်း သက်ရောက်တဲ့လမ်း ဖြစ်ပါတယ်။ မူလသဘောတူညီချက်မှာ ပါဝင်တဲ့နှုန်းထားတွေ အတိုင်း ကောက်ခံခြင်းမပြုတော့ဘဲနဲ့ ပြင်ဆင်ကောက်ခံထားတယ်ဆိုတာလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့တော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ဒီလုပ်ငန်းရှင်များအကြား ခရီးသွားလုပ်သားပြည်သူတွေကြားမှာ နှစ်ဦးနှစ်ဖက်လက်ခံနိုင်တဲ့နှုန်းထား ဖြင့်သတ်မှတ်နိုင်ရေး အတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၃၁ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ အဆင့်မြင့်ကွန်ဒိုမီနီယမ် ပိုင်ဆိုင်နေထိုင်နိုင်ရေးဆိုင်ရာဥပဒေ (Codominium Law) အား တရားနည်းလမ်းမျှတစွာ ပြဋ္ဌာန်းရေးဆွဲနိုင်ရေးကို သက်ဆိုင်ရာမှ စီစဉ်ပေးပါရန်အဆိုနဲ့ စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၃ ဦးက အမည်စာရင်း တင်သွင်းထား ပါတယ်။ ဦးစွာ ဦးအောင်ဆန်း၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်များ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝတရားရှေ့ထားပြီး လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယမန်နေ့က မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း အဆိုပြုတင်သွင်းခဲ့တဲ့ Condominium Law နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးရဲ့ လက်ရှိအစိုးရ အဖွဲ့သစ်အနေနဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ လိုအပ်သောစီးပွားရေးနဲ့ ငွေရေးကြေးရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ဒါ့ကြောင့် မကြာမီအချိန်ကာလ အတွင်းမှာ မြန်မာနိုင်ငံရဲ့စီးပွားရေးမှာ ပွင့်လင်းမြင်သာပြီး ထင်သာမြင်သာရှိလာမှာဖြစ်တဲ့ အတွက်ကြောင့် မြန်မာနိုင်ငံနဲ့အကျိုးတူစီးပွားရေးပူးပေါင်းဆောင်ရွက်လိုတဲ့ နိုင်ငံခြားသားလုပ်ငန်းရှင် များဟာ တဖြည်းဖြည်းတိုးပွားလာလျက်ရှိမှာ မလွဲဧကန်ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်းပဲ နိုင်ငံခြား

ကုန်သွယ်မှုအဖွဲ့အစည်းများ၊ ဘဏ်များ၊ ဝန်ဆောင်မှုအဖွဲ့အစည်းများစသည်တို့ဟာ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့အခါ ၎င်းတို့အတွက် နေထိုင်ရန်အခန်း၊ လုပ်ငန်းလုပ်ကိုင်ရန်ရုံးခန်းများ ပိုမိုပြီးတော့ လိုအပ်လာမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေနဲ့ ပြောရရင်တော့ အနာဂတ်မြန်မာနိုင်ငံရဲ့ စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာမှုကို အကြောင်းပြုပြီးတော့ ယနေ့နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်များဟာ မြေများ၊ အိမ်ခန်းများကို တရားမဝင်သောနည်းလမ်းဖြင့် အသုံးပြု၍ ဝယ်ယူနေကြောင်း သိရှိရ ပါတယ်။ အကယ်၍သာ ကွန်ဒိုဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး တရားဥပဒေဘောင်အတွင်းမှ ကွန်ဒိုအိမ်ရာများရဲ့ ရာခိုင်နှုန်းအစိတ်အပိုင်းတစ်ခုကို နိုင်ငံခြားသားများအား ဝယ်ယူခွင့်ပြုပေးမယ် ဆိုပါက လက်ရှိတရားမဝင်နည်းလမ်းများဖြင့် မြေများ၊ အိမ်ယာများ၊ ဝယ်ယူနေမှုများ ရပ်တန့်သွားနိုင် မယ်လို့ယူဆရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနဲ့ ၁၉၀၀ ပြည့်နှစ်များ နောက်ပိုင်းမှာ အစပြုပြီးတော့ ကွန်ဒိုဥပဒေ၊ နည်းဥပဒေများသတ်မှတ်ထားရှိပြီးတော့ စည်းမျဉ်းစည်းကမ်း ဘောင်အတွင်းမှ နိုင်ငံခြားသားများအား ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်အထိ အိမ်ခန်းများဝယ်ယူ ခွင့်ပြုထားသည်ကို လေ့လာသိရှိရပါတယ်။ ယခုနောက်ပိုင်းတွင်မူ အချို့အာဆီယံနိုင်ငံများအနေဖြင့် ၎င်းသတ်မှတ်ထားတဲ့ ရာခိုင်နှုန်းအချိုးအစားများထက် တိုးမြှင့်ပြီးတော့ဝယ်ယူခွင့်ပေးလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ နိုင်ငံခြားသားများအနေဖြင့် အခန်းများကို ဝယ်ယူခွင့်ပြုထားသော်လည်း မြေပိုင်ဆိုင်ခွင့်မရှိစေရပါ။ ဒါ့အပြင် ၎င်းတို့အနေနဲ့ အခန်းကို လွှဲပြောင်းရောင်းချလိုပါကလည်း နည်းဥပဒေတွင်ပြဋ္ဌာန်းပါရှိသော သက်ဆိုင်ရာအဖွဲ့အစည်းမှ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း များနဲ့အညီ လွှဲပြောင်းခွင့်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၀ ပြည့်နှစ်အလွန် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေး ကောင်စီအစိုးရလက်ထက်မှာ အထပ်မြင့်အဆောက်အဦများ တိုးချဲ့ဆောက်လုပ်ရန် တိုက်တွန်း အားပေးခဲ့တာနဲ့အညီ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် အထပ်မြင့်အဆောက်အဦများကို တိုးချဲ့ဆောက်လုပ်ခဲ့ကြပါတယ်။ အဲဒီအချိန်က ၁၉၉၇-၁၉၉၈ ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ဖြစ်ခဲ့သော်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံကို လာရောက်ရိုက်ခတ်မှု မရှိသေးပါဘူးခင်ဗျား။ သို့သော် ၂၀၀၂ ခုနှစ်နောက်ပိုင်း ရောက်တဲ့အခါမှာ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းဟာ ကျွန်တော်တို့ မြန်မာနိုင်ငံကို ရိုက်ခတ်လာတဲ့အတွက်ကြောင့် စီးပွားရေးလုပ်ငန်းများ အထိုက်အလျောက်တုံ့နှေး

ကျဆင်းလာခဲ့ပြီး အိမ်ခန်းများဝယ်လိုအား ကျဆင်းလာခဲ့ပါတယ်။ ဒါ့ကြောင့်လည်း အထပ်မြင့် အဆောက်အဦများ တိုးချဲ့ဆောက်လုပ်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် ငွေရေးကြေးရေးမပြေလည်မှုကြောင့် အထပ်မြင့်အဆောက်အဦများ တိုးချဲ့ဆောက်လုပ်နေသည့်အရှိန် လျော့နည်းကျဆင်းသွားခဲ့ရပါတယ်။ အကယ်၍ ကွန်ဒိုဥပဒေ၊ နည်းဥပဒေများ ပေါ်ထွန်းလာပြီးနောက် တရားဥပဒေဘောင်အတွင်းမှ နိုင်ငံခြားသားများအား ရင်းနှီးရာခိုင်နှုန်းအချိုးအစားတစ်ခု သတ်မှတ်ပြီးတော့ ဝယ်ယူခွင့်ပြုပေးမည်ဆိုပါက တစ်ဖက်တွင် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည့်အပြင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေနဲ့လည်း အထပ်မြင့်အဆောက်အဦများ ပိုမိုတိုးချဲ့ဆောက်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်းရဲ့ Codominium Law ဥပဒေ ပြဋ္ဌာန်းနိုင်ရေးဟာ အနာဂတ်မြန်မာနိုင်ငံတော်အတွက် လိုအပ်တယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါ့ကြောင့် ဦးအောင်ဇော်ဝင်း တင်သွင်းခဲ့တဲ့ Codominium Law ဥပဒေဟာ သက်ဆိုင်ရာမှ ပြဋ္ဌာန်းပေးနိုင်ရန်အဆိုကို လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးရွှေမောင်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရွှေမောင်(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ဟာ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေး ၃၁ ရက်မြောက်နေ့မှာ မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း တင်သွင်းခဲ့တဲ့ အဆင့်မြင့်ကွန်ဒိုမီနီယမ် ပိုင်ဆိုင်နေထိုင်နိုင်ရေးဆိုင်ရာဥပဒေ (Condominium Law)အား တရားနည်းလမ်းမျှတစွာ ပြဋ္ဌာန်းရေးဆွဲနိုင်ရေးကို သက်ဆိုင်ရာမှ စီစဉ်မှုပြုပေးပါရန် ဖွင့်ဆိုသောအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်က ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီး တစ်ယောက်လည်းမဟုတ်ပါ။ ဥပဒေပညာရှင်တစ်ယောက်လည်း မဟုတ်ပါဘူး။ သို့သော်လည်း နိုင်ငံတော်နဲ့ ပြည်သူများအတွက် အကျိုးများစွာရှိ၍လည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဥပဒေတစ်ရပ်ဖြစ်တယ်လို့ ယုံကြည်တဲ့အတွက်

ကျွန်တော့်အနေနဲ့ ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော်အဆိုရှင် တင်သွင်းသွားတဲ့ ဒီအဆိုထဲမှာပါတဲ့ အချက်အလက်စာသားတွေကို တိတိကျကျတစ်ခုချင်း ကျွန်တော် မဆွေးနွေးခင် ကျွန်တော်လွန်ခဲ့သော အနှစ် ၂၀ ခန့်က ရန်ကုန်မြို့မှာ ခေတ်စားခဲ့တဲ့ စကားတစ်ခုကိုလည်း နည်းနည်းတင်ပြလိုပါတယ်။ အဲဒါက ဘာလဲဆိုတော့ ၁၉၉၀ နောက်ပိုင်းမှာ တဲပေါ်မှတိုက်ပေါ်သို့ ပို့ပေးသောစီမံကိန်း ဒီနေ့အချိန်အခါခေတ်စနစ်တွေ တိုးတက်ပြောင်းလဲလာပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီစကားကိုပြုပြင်ပြောင်းလဲလိုပါတယ်။ အဲဒါက ခေတ်နှင့်အညီတိုက်ပေါ်မှ ကွန်ဒိုမီနီယမ်အပေါ်သို့ပို့ဆောင်ခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့ ကျွန်တော် အဲဒီလိုတင်စားပြီးပြောရသလဲဆိုတော့ ဒီ Condo Law အဆိုရှင်တင်သွင်းထားတဲ့ ဒီအဆို သို့မဟုတ် ဒီ Condominiun Law ကိုအမှတ်တမဲ့ကြည့်လိုက်မယ်ဆိုရင် ရန်ကုန်မြို့တစ်ခုတည်းနဲ့ပဲ သက်ဆိုင်တယ်လို့ထင်ရပါတယ်။ တကယ်တမ်းနိုင်ငံတော်နဲ့ ပြည်သူ၊ ပြည်သားအားလုံးနဲ့သက်ဆိုင်တာကို ကျွန်တော်လေ့လာသုံးသပ်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရန်ကုန်တိုင်းရဲ့လူဦးရေကိုကြည့်လို့ရှိရင် ၆ သန်းခန့်ရှိတယ်လို့လေ့လာသိရှိရပါတယ်။ အဲဒီမှာ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်က အဲဒီမှာ ၄ သန်းနဲ့ ၅ သန်းရှိတယ်လို့ ခန့်မှန်းသိရှိရပါတယ်။ ဒီလူဦးရေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ခုလုံးရဲ့လူဦးရေ သန်း ၆၀ ရဲ့ ၁၀ ရာခိုင်နှုန်းလောက် ရှိပါတယ်။ တစ်ဖန် ရန်ကုန်မြို့မှာနေထိုင်တဲ့ပြည်သူတွေကိုက ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် ဘိုးဘွားစဉ်ဆက်ကနေထိုင်တဲ့သူများ၊ မြန်မာနိုင်ငံအရပ်ရပ်မှ အတတ်ပညာရှင်၊ အသိပညာရှင်၊ စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းမျိုးစုံမှ Expatriates အဖြစ်လာရောက်နေထိုင်ကြသူများ၊ အလုပ်မျိုးစုံပေါ်တဲ့ အလုပ်အကိုင်အခွင့်အလမ်းပိုတဲ့အတွက် အနယ်နယ်အရပ်ရပ်မှလာရောက် အလုပ်လုပ်ကိုင်နေထိုင်ရင်းရှိနေတဲ့ စီးပွားရေးမြို့တော်ကြီး Commercial City တစ်ခုဖြစ်ပါတယ်။ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာသူများဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားပြီးတော့ အခုဆိုရင် ကျွန်တော် စောစောကတင်ပြသလို ၅ သန်း လောက်ရှိနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ တောင်သူလယ်သမားတွေဖြစ်ပြီးတော့ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့အတွက် အင်မတန်အရေးကြီးတဲ့ကဏ္ဍတစ်ခုဖြစ်တယ်ဆိုတာကို ကျွန်တော်တို့အားလုံး သိရှိပြီးဖြစ်ပါတယ်။ သို့သော်လည်း နောက်ထပ် ၃၀ ရာခိုင်နှုန်းကျန်ပါသေးတယ်။ ဒီ ၃၀ ရာခိုင်နှုန်း လူတွေကလည်း နိုင်ငံတော်တိုးတက်ဖို့အတွက် နိုင်ငံတော်ရဲ့ အခြားကဏ္ဍတွေမှာ လည်း ပါဝင်ပြီးတော့ လုပ်ရမယ်ဆိုတာကို အကုန်လုံးနားလည်ပြီးသား ဖြစ်ပါတယ်။ အဲဒီလိုနေရာမှာ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ခုလုံးကို ကြည့်မယ်ဆိုရင်

အဓိကမြို့ကြီးပြကြီးအနေနဲ့တွေ့တာကတော့ ရန်ကုန်နဲ့မန္တလေး လို့ပဲပြောရမှာဖြစ်ပါတယ်။ သို့သော် နေပြည်တော်မြို့တော်ကြီးကိုတည်ဆောက်ပြီးတဲ့အခါမှာတော့ ဒီ နေပြည်တော်မြို့ကို ကျွန်တော့် အနေနဲ့ မြင်တာကတော့ အုပ်ချုပ်ရေးမြို့တော် Administratative City တစ်ခုဖြစ်ပါတယ်။ တိုးတက်တဲ့ နိုင်ငံ တစ်ခုဖြစ်တဲ့ အမေရိကန်နိုင်ငံမှာ ကြည့်မယ်ဆိုရင် New York ဟာ Commercial City ဖြစ်ပြီးတော့ Washington DC က Administratative City ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ရန်ကုန်မြို့ ကို မြန်မာနိုင်ငံရဲ့ New YorK လို့ပြောရမှာဖြစ်ပါတယ်။ ခြုံငုံပြောရလို့ရှိရင် မြန်မာနိုင်ငံရဲ့ စီးပွားရေး တစ်ခုလုံးအတွက် အချက်အချာကျတဲ့ နေရာဌာနတစ်ခုဖြစ်ပါတယ်။ နိုင်ငံခြားသားတွေစလာလို့ရှိရင်လည်း စရောက်တဲ့နေရာက များသောအားဖြင့်ရန်ကုန်မြို့ဖြစ်တဲ့အတွက် မြန်မာနိုင်ငံဘယ်လောက်တိုးတက် နေသလဲ၊ ရန်ကုန်မြို့မှာရှိတဲ့၊ မန္တလေးမြို့မှာရှိတဲ့ လူတွေ၊ မြို့တွေ နိုင်ငံဘယ်လောက်တိုးတက်နေလဲ ဆိုတာကို လူနေမှုအဆင့်အတန်း၊ အဆင့်မြင့်လူနေခန်း Condominium၊ Hotel ၊ Motel အဲဒီမှာပေး နေတဲ့ Services တွေ၊ ဝန်ဆောင်မှုတွေ ပြီးရင်သူတို့ရဲ့ Standard ၊ Quality နိုင်ငံတကာအဆင့်ရှိမှု၊ မရှိမှု အဲဒါတွေကို အဲဒီဟာတွေကနေ Important ၊ Indicators ဖြစ်နေတာကို လေ့လာသိရှိရပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က ရန်ကုန်မြို့ကိုကြည့်မယ်ဆိုရင် အခုနဲ့ ရန်ကုန်မြို့နဲ့နှိုင်းယှဉ်မယ်ဆိုရင် အမှန်အတိုင်းကိုတင်ပြရင် အများကြီးတိုးတက်ဖွံ့ဖြိုးလာတာကို မျက်မြင်ထင်ရှားတွေ့ရှိရမှာဖြစ်ပါ တယ်။ ဒီဟာကလည်း နိုင်ငံတော်အကြီးအကဲများရဲ့ အမြော်အမြင်ကြီးမှု၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ရန်ကုန်မြို့တော်ဝန်များအဆက်ဆက်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးလုပ်ငန်းရှင် Developer များကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုရှင် ဦးအောင်ဇော်ဝင်းရဲ့ အဆိုထဲမှာပါတဲ့ အချက်တွေကိုပဲ သုံးသပ်တင်ပြ လိုပါတယ်။ အဲဒါမှ ကျွန်တော်ဒီအဆိုကို ဘာဖြစ်လို့ထောက်ခံတယ်ဆိုတာ ပိုမိုပြီးတော့ထင်ရှားမှာ ဖြစ်ပါတယ်။ အဲဒီအဆိုရဲ့ စာသားကို ဖတ်လိုက်တဲ့အခါမှာ အဲဒီ Law ထဲမှာ အဆိုရှင်ပါစေလိုတဲ့ **Guarantee** အာမခံချက်တွေကို ထည့်ထားတာကို တွေ့ရှိရပါတယ်။ အဲဒါတွေကို တစ်ချက်ချင်း ပြောရလို့ရှိရင် နံပါတ်(၁)အနေနဲ့ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်သောဆိုတဲ့အချက်၊ နောက်တစ်ခုက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရေး၊ နောက်တစ်ခုက လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာစေရေးဆိုတော့ ကျွန်တော်တို့ နိုင်ငံတကာနဲ့ ရင်ဘောင်တန်း နိုင်သောလို့ ပြောရတဲ့ရည်ရွယ်ချက်ကို ကျွန်တော်ယူဆတာကတော့ ကျွန်တော်တို့ ရန်ကုန်မြို့မှာ ခုနက ကျွန်တော်စောစောကတင်ပြသလို နေထိုင်တဲ့သူတွေက ရန်ကုန်သားလို့ခေါ်တဲ့ ဘိုးဘွားစဉ်ဆက်

လူတွေတင်မကဘူး။ မြန်မာနိုင်ငံရဲ့အနယ်နယ်အရပ်ရပ်က သူတွေရော၊ နိုင်ငံတကာအဖွဲ့အစည်း တွေရော၊ နိုင်ငံတကာကလာတဲ့ မြန်မာနိုင်ငံမှာ တရားဝင် Invest လုပ်မယ့်လုပ်ငန်းရှင်တွေပါ အကုန် လုံးလာရောက်တဲ့အခါကျတော့ သူတို့တွေအနေနဲ့ Comfortable ဖြစ်အောင်လုပ်ချင်တဲ့ကိုင်ချင်တဲ့ စိတ်ဖြစ်လာအောင် ရင်းနှီးမြှုပ်နှံချင်တဲ့စိတ်ဖြစ်အောင် Incentive လည်းဖြစ်အောင် ပိုပြီးမှသင့်လျော်အောင် ဒီဥပဒေကြောင်းအရ ပြဋ္ဌာန်းထားလို့ရှိရင် ပိုပြီးတော့ခိုင်မာမယ်လို့ယူဆတဲ့အတွက် အဆိုရှင်အနေနဲ့ အဲဒီစကားလုံးကို သုံးထားတယ်လို့ ကျွန်တော်ထင်မြင်ယူဆပါတယ်။ ပြီးတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဟာနဲ့ လူနေမှုအဆင့်အတန်းမြင့်မားတာနဲ့ ခုနက ကျွန်တော် စောစောကတင်ပြသလို နိုင်ငံတစ်ခုရဲ့ Development ကို Assesment လုပ်တဲ့အခါမှာ အင်မတန်အရေးကြီးတဲ့ Indicator တွေ၊ Index တွေ ဖြစ်တာကိုလည်း အကုန်လုံးနားလည်ကြမယ်လို့ ယုံကြည်ပါတယ်။

ပြီးရင် နောက်တစ်ချက်အနေနဲ့ အဆိုမှာရေးထားတာက ဝန်ဆောင်မှုအပြည့်အဝ ရရှိပြီးခိုင်မာ သော ပိုင်ဆိုင်ခွင့်ဆိုတဲ့ဟာကိုလည်း အဲဒီ ကျွန်တော်တို့ Modifier အနေနဲ့လည်း သုံးထားတာကို တွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော် ဖြည့်စွက်ပြောလိုတာကတော့ ဒီခိုင်မာသောပိုင်ဆိုင်ခွင့် အပြင်တကယ် Law လုပ်လို့ရှိရင် ပါလာမယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဒီဟာကို အကြံပြုတဲ့သဘောနဲ့လည်း တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒီခိုင်မာသော ပိုင်ဆိုင်ခွင့်အပြင် ရောင်းဝယ်ခွင့်၊ ငှားရမ်းနိုင်ခွင့်၊ ဘဏ်မှငွေချေးယူခွင့် ဘာဖြစ်လို့ အဲဒီလို ပြောရသလဲဆိုတော့ ကျွန်တော့်တို့ ရိုးရိုးပိုင်တဲ့သူတွေဆိုရင် မြေပိုင်ရှင်ရှိတဲ့လူကိုပဲ ကျွန်တော်တို့ ဘဏ်ကနေ ငွေချေးလို့ရပါတယ်။ ဒီလို Apartment တို့၊ ကွန်ဒိုတို့၊ ရိုးရိုးတိုက်ခန်းတွေနဲ့ သွားလို့ရှိရင် ဒီဟာကို ဘဏ်ကနေအကြောင်းအမျိုးမျိုးကြောင့် အသိအမှတ်မပြုဘဲနဲ့ ငွေချေးပေးဖို့ ငြင်းဆန်ကြ ပါတယ်။ ဒီဟာကလည်း ခိုင်မာစွာ Guarantee ပေးထားတဲ့ ဥပဒေမရှိတဲ့အတွက်လည်း ဒီလို ပြောတာဟာ သဘာဝလည်း ကျပါတယ်။ ပြီးလို့ရှိရင် နောက်တစ်ခါ Condominium တွေကို အများအပြား ရန်ကုန်မြို့မှာ ဆောက်လုပ်လျက်ရှိပါတယ်။ နောက်ထပ်ဆောက်ဖို့လည်း လုပ်ငန်းရှင် တွေအနေနဲ့ တာစူနေကြတယ်။သို့သော် သူတို့မှာလည်း ခုနက Invest လုပ်ရတာပြီးတော့ ဒီကွန်ဒိုမီနီယမ် အခန်းတွေရဲ့ ဈေးနှုန်းတွေဟာ သာမန် Apartment တွေရဲ့ဈေးနှုန်းတွေနဲ့မတူတဲ့ အတွက် ဈေးနှုန်းများပြားတဲ့အတွက် Investment များတဲ့အတွက် ဈေးနှုန်းများရတယ်။ ဈေးနှုန်းများ တဲ့အတွက်လည်း သာမန်လူလတ်တန်းစား နိုင်ငံသားတွေအနေနဲ့ ဝယ်ယူဖို့ခက်ခဲတဲ့ အပိုင်းလည်း ပါပါတယ်။ တစ်ဖက်က ကြည့်လို့ရှိရင်လည်း ဒါကို လုပ်ငန်းရှင်တွေက သူတို့အနေနဲ့

သက်သာစွာရောင်းလိုသော်လည်း ဈေးနှုန်းကလျှော့ပြီးတော့မှ ရောင်းလို့ရှိရင် သူတို့က ငွေကြေးတွေ၊ အရင်းအနှီးတွေများစွာစိုက်ထားတဲ့အတွက် ဒါတွေကို ဒါကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

နောက်တစ်ချက်က နိုင်ငံတကာအဆင့်မီသော Comdominium အဆောက်အဦတွေကို နိုင်ငံသားအနေနဲ့ ခိုင်မာစွာ လက်ဝယ်ထားပိုင်ဆိုင်နေထိုင်နိုင်ရေး ဥပဒေကို တရားနည်းလမ်းမျှတစွာပြဋ္ဌာန်းရေးဆွဲနိုင်ရေးဆိုတာ အဲဒီမှာ ကျွန်တော်ခုနက နားလည်တာကတော့ ဒီမှာ နိုင်ငံတကာကလာတဲ့သူတွေ အားလုံးကိုလည်း ဒီမှာ အခန်းတွေကို ခုနက ဥပဒေ အကန့်အသတ်နဲ့ ရောင်းဝယ်ခွင့် မြေပိုင်တာတော့မပါဘူး။ ဒီအခန်းတွေကို ငှားရမ်းနေထိုင်ခွင့်၊ အဲလိုပြုမယ်ဆိုရင် ဝင်ငွေတွေအများကြီး ရတဲ့အခါကျတော့ တစ်ဖက်ကနိုင်ငံသားတွေအတွက် လျှော့ပေါ့ပြီးတော့ရောင်းပေးနိုင်မှာဖြစ်ပါတယ်။ ပြီးတော့ နိုင်ငံတော်နှင့် ပြည်သူလူထုရဲ့အကျိုးအတွက် ရည်မှန်းရှေ့ရှုဆိုပြီးတော့လည်းပြောထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဒီ Comdominium Law တစ်ခု တိတိကျကျ မရှိသေးတဲ့အတွက် ကွန်ဒိုမီနီယမ် အခန်းတွေကို ငှားရမ်းတဲ့နေရာမှာ၊ ရောင်းဝယ်တဲ့နေရာမှာလည်း အခွန်အခတွေကို နိုင်ငံတော်အနေနဲ့ မရရှိတာကိုလည်းတွေ့ရပါတယ်။ တရားမဝင်ရောင်းဝယ်မှုတွေက ရှိနေတဲ့အတွက် ဒါနိုင်ငံတော်ကနေ နစ်နာတယ်လို့ပြောရပါမယ်။ အခန်းတစ်ခု၊ ကွန်ဒိုတစ်ခုကို ရောင်းဝယ်ရင် ရောင်းခွန်၊ ဝယ်ခွန်ပေးရမည်ဆိုပြီးတော့ ဥပဒေမှာ ပြဋ္ဌာန်းထားတာလည်း တွေ့ရပါတယ်။ သို့သော်လည်း ဒါနားလည်မှုနဲ့ စာချုပ်ချုပ်တာတို့ တချို့ဆိုရင် နိုင်ငံခြားသားတွေက ဒေါ်လာနဲ့ ပေးရပြီးမှ အခွန်တွေသက်သာအောင် မြန်မာစာချုပ်နဲ့ အဲလိုပြန်လုပ်ပြီးမှ လုပ်တဲ့အခါကြတော့ ဒီဟာတွေကိုလည်း ကျွန်တော်တို့ နိုင်ငံတော်ကနေ အခွန်အခကောက်ဖို့အတွက် အခက်အခဲတွေ အများကြီးတွေ့ရပါတယ်။ အကယ်၍ Comdominium Law သာရှိမယ်ဆိုရင် တကယ် Real Comdominium တစ်ခုမှာ ရှိသင့်ရှိထိုက်တဲ့ Board of Director တို့ သာယာရေးကော်မတီ အရာရှိတွေ Maintenace Service တွေကိုသေချာကျကျနန အဲဒီလို ဥပဒေနဲ့အညီ လုပ်ထားမယ်ဆိုရင် ရောင်းဝယ်တာတို့၊ မှတ်တမ်းတင်တာတို့ အကုန်လုံးကို သက်ဆိုင်ရာနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ အလွယ်တကူသိရှိမှာ ဖြစ်ပါတယ်။ အဲဒီလို Law မရှိတဲ့အတွက်လည်း တချို့ ခုနက ကျွန်တော် တင်ပြသလို နိုင်ငံခြားသားအချို့က နားလည်မှုနဲ့ အခန်းတွေကို ငှားရမ်းပြီးတော့၊ တယ်လီဖုန်းတွေလည်း မတရားဆက်ထားပြီးတော့ အခန်းခတွေကိုလည်းမပေးဘဲနဲ့ ဥပဒေကြောင်းအရလည်း သူတို့ကိုအရေးယူဖို့အတွက် ခိုင်မာတဲ့စာရွက်စာတမ်းမရှိတဲ့အတွက်လည်း ဒါကအခက်အခဲတစ်ခုဖြစ်သွားတဲ့အခါမှာ နိုင်ငံသားတွေဟာ ကွန်ဒိုအခန်းကိုပိုင်ဆိုင်ထားတဲ့ ပိုင်ရှင်အနေနဲ့ နစ်နာမှုရှိပါတယ်။

ပြီးတော့နောက်ဆုံးအနေနဲ့ တင်ပြရရင် အဆိုထဲမှာ မပါသော်လည်း အကျိုးအကြောင်း ဖော်ပြချက်မှာ ပါသွားတာက အခြားမလိုလားသော အငြင်းပွားမှုဒီဟာကို ကျွန်တော့်အနေနဲ့ လေ့လာထားတာ နည်းနည်းများပါတယ်။ သို့သော်လည်း လွှတ်တော်ရဲ့အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်တော် အကျဉ်းချုံးပြောလိုက်ပါမယ်။ အဲဒီမှာ ကျွန်တော်တို့ ခဏခဏပြောနေရတဲ့ အခန်းတစ်ခုကို ဝင်ရောက်လို့ရှိရင် အရှုပ်အရှင်းကင်းလား၊ မကင်းဘူးလား။ အရှုပ်အရှင်းရှိလို့ရင်တော့ ရောင်းတာဝယ်တာကပွဲစားကရောင်းလို့ကိုမရတော့ဘူး။ ဝယ်တဲ့သူကလည်း မဝယ်တော့ဘူး။ ဒီလိုအခြေအနေတွေသွားတွေ့ရပါတယ်။ နောက်တစ်ခုက ဥပဒေနဲ့တိတိကျကျမပြောထားတဲ့အတွက် ကွန်ဒိုတစ်ခုနဲ့ တစ်ခု ဝန်ဆောင်မှုတွေ၊ ကောက်ခံမှုနှုန်းထားတွေက ကွာဟမှုတွေရှိပါတယ်။ ကျွန်တော် လေ့လာသိရှိရတာတစ်ခုကတော့ အဲဒီမှာ ဝန်ဆောင်ခက (၃) သိန်းလောက်ထိ ရှိတယ်ပြောတယ်။ အဲဒီ (၃)သိန်းလောက်ရှိတာကိုလည်း စဝယ်တုန်းတော့မရှိပါဘူး။ (၅)သောင်းပဲရှိတာ။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ဒီထပ်ဆောင်း additional Service တွေ ပေးရင်းပေးရင်းနဲ့ ဝန်ဆောင်မှုများတဲ့အခါကြတော့ တစ်ခုခု ဒီဟာသည် ခိုင်မာသော ပိုင်ဆိုင်မှုတစ်ခုအနေနဲ့ ဝယ်ထားပြီးတော့ မိမိ ငွေလိုလို့ ပြန်ရောင်းတဲ့အခါမှာ ဒီ ဝန်ဆောင်ခတွေက ကွာဟမှုတွေ၊ များပြားမှုတွေရှိနေတဲ့အတွက် ဝယ်မဲ့သူက မဝယ်ဘူး။ အဲဒါကြောင့် ရောင်းတဲ့သူကလည်း ရောင်းလို့မရဖြစ်နေပါတယ်။ ဆိုတော့ ဒီဟာတွေကို ကျွန်တော်တို့ ကြည့်လို့ရှိရင် ဒီဟာက ဒီသတ်မှတ်ထားတဲ့ ခိုင်မာတဲ့ Condominium Law တစ်ခု ရှိမယ်ဆိုရင် အကုန်လုံးအဆင်ပြေမယ့် အခြေအနေမှာရှိပါတယ်။ ပိုပြီးမှ အရေးကြီးတာတစ်ခု ဘာလဲဆိုရင် မီးလောင်မှုဖြစ်တဲ့အခါမှာ ဘယ်သူတာဝန်ရှိသလဲ။ ဒီအခန်းတစ်ခုကြောင့် ဖြစ်သွားလို့ရှိရင် ဥပဒေအရ သူ့ကိုပဲအရေးယူရမလား၊ သို့မဟုတ် အခန်းအားတခြားပိုင်ရှင်တွေကကော မီးပေါ့ဆမှုမဖြစ်ခဲ့တဲ့အခန်းရှင်ကကော သူတို့မှာကောတာဝန်ရှိမလား၊ သို့မဟုတ် တစ်ယောက်တည်းလျော်ရမယ်ဆိုရင်လည်း ဒါတော်တော်လေးကို သဘာဝမကျတဲ့ဟာ ဖြစ်နေတယ်။ ဒါတွေကလည်း အငြင်းပွားမှုတွေ ဖြေရှင်းဖို့ခက်ခဲတဲ့ဟာတွေ ဆိုတာကိုလည်းလေ့လာသိရှိရပါတယ်။ အဲဒါကြောင့် ဒါမျိုးအငြင်းပွားမှုတွေ သို့မဟုတ် နိုင်ငံတော်ကော ပြည်သူတွေအတွက် အကျိုးရှိအောင် ဒီ Condominium Law ကိုပြဋ္ဌာန်းလို့ရှိရင် Developer တွေအတွက်ရော နေထိုင်သူ၊ ငှားရမ်းသူ၊ ဝယ်ရောင်းသူအားလုံးအတွက်ပါ အကျိုးရှိသော ဥပဒေတစ်ခုဖြစ်လာမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဦးအောင်ဇော်ဝင်းရဲ့ Condominium Law ကိုပြဋ္ဌာန်းရေးအဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးမျိုးဆွေ၊ တနိုင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မင်္ဂလာကျက်သရေအဖြာဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၄-၁၀-၂၀၁၁ ရက်နေ့က မောင်တောမြို့နယ်၊ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်း အဆိုတင်သွင်းသွားတဲ့ အဆင့်မြင့်ကွန်ဒိုမီနီယမ် ပိုင်ဆိုင်နေထိုင်ရေးဆိုင်ရာဥပဒေ Condominium Law အား တရားနည်းလမ်း မျှတစွာ ပြဋ္ဌာန်းရေးဆွဲနိုင်ရေးကို သက်ဆိုင်ရာမှ စီစဉ်မှုပြုပေးပါရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရေးနဲ့ အဓွန့်ရှည်စွာတည်တံ့ခိုင်မြဲရေး အတွက် နိုင်ငံတော်အစိုးရက မူဝါဒများချမှတ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်နေသလိုလွှတ်တော်များအတွင်းမှာလည်း နိုင်ငံတော်နဲ့ပြည်သူလူထုတစ်ရပ်လုံး အကျိုးစီးပွားကိုဖော်ဆောင်နိုင်ရန်အတွက် ခေတ်စနစ်နဲ့မကိုက်ညီတော့တဲ့ ဥပဒေ၊နည်းဥပဒေများကို ဖျက်သိမ်းခြင်း၊ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ပြဋ္ဌာန်းရေးဆွဲခြင်းများ ပြုလုပ်နေပြီ ဖြစ်ပါတယ်။ ခေတ်စနစ်အရ အမှန်တကယ်လိုအပ်လာသော ဥပဒေအသစ်များကိုလည်း ပြဋ္ဌာန်းရေးဆွဲသွားရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကချမှတ်ကျင့်သုံးလျက်ရှိတဲ့ ဈေးကွက်စီးပွားရေးစနစ်ပီပြင်လာစေရန် လိုအပ်တဲ့စီးပွားရေးနဲ့ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြုပြင်ပြောင်းလဲပြဋ္ဌာန်းလျက်ရှိပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံထူထောင်ရာမှာ နိုင်ငံသားများရဲ့ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေး ဆောင်ရွက်ပေးရန်အရေးတကြီးလိုအပ်လာပါတယ်။ လူနေမှုအဆင့်အတန်းမြင့်မားလာစေဖို့ ဆောင်ရွက်ပေးရာမှာ နိုင်ငံသားများ အနေဖြင့် အဆင့်အတန်းမြင့်မြင့်နေထိုင်ဖို့ ကောင်းမွန်လှပခိုင်ခံ့သော အဆောက်အဦများရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းနဲ့အညီ ခိုင်ခံ့လှပသော ဝန်ဆောင်မှုအပြည့်နဲ့ စနစ်တကျ တည်ဆောက်ထားသော အဆင့်မြင့်ကွန်ဒိုမီနီယမ်များတိုးချဲ့ဆောက်လုပ်ပေးရန် လိုအပ်လာပါတယ်။

ကွန်ဒိုမီနီယမ်အဆောက်အဦဆိုတာ စံချိန်စံညွှန်းနဲ့ အညီဆောက်လုပ်ထားသော နိုင်ငံတကာ အဆင့်မီအထပ်မြင့်ကွန်ဒိုအဆောက်အဦ ဖြစ်ပါတယ်။ သီးခြားစီပိုင်ဆိုင်ခွင့် ပြုပေးနိုင်တဲ့အခန်းများ တည်ထောင်ပေးထားပါတယ်။ Transformer, Generator ဓါတ်လှေကား၊ ရေ၊ မီးအပြည့်အစုံဖြင့်

လုံခြုံရေး၊ သန့်ရှင်းရေးစသဖြင့်လုပ်ငန်းများကို စနစ်တကျဝန်ဆောင်မှုများဖြင့် ဖွဲ့စည်းထားတဲ့ အဆင့်မြင့် အဆောက်အဦမျိုး ဖြစ်ပါတယ်။ အချို့ပိုမိုအဆင့်မြင့်သော ကွန်ဒိုအထပ်မြင့် အဆောက်အဦများမှာ ရေကူးကန်၊ တင်းနစ်အားကစားကွင်းနှင့် အနားယူအပန်းဖြေစရာ နေရာများပါ ပါဝင်တည်ဆောက်ထားပေးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကနေ့ ကျွန်တော်တို့ စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့ကြီးမှာလည်း အဆင့်မြင့်ကွန်ဒိုမီနီယမ် အဆောက်အဦများ အလျှိုလျှိုပေါ်ထွက်လာနေပြီ ဖြစ်ပါတယ်။ ဝန်ဆောင်မှု လည်းပေးနေပြီ ဖြစ်ပါတယ်။သို့ရာတွင် အိမ်ရှင်၊ အိမ်ငှားများအနေဖြင့် မလိုလားအပ်တဲ့ အငြင်းပွားမှု၊ အပြန်အလှန်တရားစွဲဆိုမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိကြောင်းလည်း လေ့လာသိရှိရပါတယ်။ ကွန်ဒိုမီနီယမ်ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပေးနိုင်ပါက မိမိတို့ဝယ်ယူထားသော အခန်းများကို ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချခွင့်၊ ဘဏ်တွင်အပေါင်ထား၍ ငွေချေးယူနိုင်ခွင့်စသည့် ဥပဒေ၊ နည်းဥပဒေတွင်ပါရှိသောကိစ္စရပ်များကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မလိုလားအပ်သောအိမ်ရှင်၊ အိမ်ငှားပြဿနာများလည်း ကင်းရှင်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့် မောင်တောမြို့နယ်၊ မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ဇော်ဝင်းအဆို တင်သွင်းသော အဆင့်မြင့်ကွန်ဒိုမီနီယမ် ပိုင်ဆိုင်နေထိုင်ရေးဆိုင်ရာဥပဒေ Condominium Law အား တရားနည်းလမ်း မျှတစွာ ပြဋ္ဌာန်း ရေးဆွဲနိုင်ရေးကို သက်ဆိုင်ရာမှ စီစဉ်မှုပြုပေးရန်ဆိုတဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံး ချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဒုတိယရှေ့နေချုပ်က ရှင်းလင်းရန်ဖြစ်ပါ တယ်။

**ဦးထွန်းထွန်းဦး(ပြည်ထောင်စုဒုတိယရှေ့နေချုပ်၊ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော် ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ အဆင့်မြင့်ကွန်ဒိုမီနီယမ် ပိုင်ဆိုင်နေထိုင်နိုင်ရေးဆိုင်ရာဥပဒေကို တရားနည်းလမ်းမျှတစွာ ပြဋ္ဌာန်းရေးဆွဲနိုင်ရေးကို သက်ဆိုင်ရာ မှ စီစဉ်မှုပြုပေးနိုင်ပါရန်အဆိုနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံသားတို့ရဲ့ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်မှုသည်လည်းကောင်း ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုး တက်လာစေရန် နိုင်ငံသားတိုင်း၏ပိုင်ဆိုင်မှု၊ ရင်းနှီးမြုပ်နှံမှု အခြေတည်ခိုင်မာစေရေးသည် လည်းကောင်း အဓိကကျသောကြောင့် နိုင်ငံတကာအဆင့်မီ ခေတ်မီခိုင်ခံ့လှပပြီး စနစ်တကျ

တည်ဆောက်ထားသော ကွန်ဒိုမီနီယမ်များ တည်ဆောက်နိုင်ရေး၊ နိုင်ငံသားများဝယ်ယူပိုင်ဆိုင် နေထိုင်နိုင်ရေးနဲ့ ရင်းနှီးမြှုပ်နှံနိုင်ရေးတို့အတွက် အဆင့်မြင့်ကွန်ဒိုမီနီယမ် ပိုင်ဆိုင်နေထိုင်နိုင်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းရန် အဆိုပြုချက်ဟာ ရည်ရွယ်ချက်ကောင်းမွန်တဲ့ အဆိုပြုချက်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ဇော်ဝင်းအဆိုပြု တင်ပြထားတဲ့အတိုင်း အများပြည်သူတို့ရဲ့ နေထိုင်မှုအဆင့်အတန်းမြင့်မားစေတဲ့ အဆင့်မြင့်ကွန်ဒိုမီနီယမ်များပေါ်ပေါက်ပြီး ယင်းတို့ကိုနိုင်ငံသားများကပိုင်ဆိုင်ခွင့်၊ ရင်းနှီးမြှုပ်နှံခွင့်ရရှိစေရေးအတွက် အဆင့်မြင့်ကွန်ဒိုမီနီယမ်ပိုင်ဆိုင်နေထိုင်နိုင်ရေးဆိုင်ရာဥပဒေတစ်ရပ်သီးခြားရှိသင့်သည်ဆိုတာလည်းမှန်ပါတယ်။ ဒါ့အပြင် မြို့ပြဒေသများမှာတိုးပွားလာတဲ့လူဦးရေနှင့်အညီ လူနေအိမ်ရာများ လုံလောက်မှုရှိစေရေးအတွက် ကွန်ဒိုမီနီယမ်အဆောက်အအုံများ အပိုင်းကလည်း ပေါ်ထွန်းရန်လိုအပ်လာတာဖြစ်သည့်အလျှောက် ယခုကဲ့သို့ သီးခြားဥပဒေတစ်ရပ်ပြဋ္ဌာန်းခြင်းဖြင့် ကွန်ဒိုမီနီယမ်အဆောက်အအုံများနှင့် စပ်လျဉ်း၍ စနစ်တကျစီမံဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း အဆင့်မြင့်ကွန်ဒိုမီနီယမ်အဆောက်အအုံဆိုင်ရာဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေးအတွက် ကြိုတင်လေ့လာမှုများပြုလုပ်ခဲ့ပြီးတော့ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေအမည်နဲ့ ဥပဒေမူကြမ်းတစ်ရပ်ကို ရေးဆွဲဆောင်ရွက်နေတာရှိပါတယ်။ ယင်းသို့ရေးဆွဲထားတဲ့ ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍လည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးက စိစစ်အကြံပြုထားရှိပါတယ်။ စိစစ်ရေးဆွဲဆဲဥပဒေမူကြမ်းမှာ စုပေါင်းပိုင်အဆောက်အအုံရှိ စုပေါင်းပိုင်မြေနှင့်အိမ်ခန်းကို ဝယ်ယူသူရဲ့ပိုင်ဆိုင်မှု Ownership ၊ လွှဲပြောင်းမှု Right to Transfer များနှင့်စပ်လျဉ်းပြီးတော့ အခွင့်အရေးပေးတဲ့ပြဋ္ဌာန်းချက်များပါဝင်တဲ့အပြင်ယင်းတို့နှင့်ဆက်စပ်တဲ့ မလိုလားအပ်တဲ့အငြင်းပွားမှုတွေမဖြစ်ပေါ်စေရေးအတွက်တရားဝင်ခိုင်မာအောင်ဆောင်ရွက်ခွင့်ရှိတဲ့ ပြဋ္ဌာန်းချက်တွေလည်း ပါဝင်ပါတယ်။ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းနှင့်စပ်လျဉ်းပြီးတော့ မြန်မာနိုင်ငံမှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ Transfer of Property Act ရှိပါတယ်။ ယင်းအက်ဥပဒေဟာ ၁၈၈၂ ခုနှစ်ကပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပြီးတော့ မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းများနှင့် စပ်လျဉ်းပြီးတော့ အကျိုးခံစားခွင့်နှင့်လွှဲပြောင်းနိုင်တဲ့အခွင့်အရေးတွေကို ပြဋ္ဌာန်းထားပါတယ်။ ယင်းအက်ဥပဒေအရ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းတွေကို လွှဲပြောင်းခြင်းဆိုတဲ့ စကားရပ်မှာ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်းနှင့် မေတ္တာဖြင့်ပေးကမ်းခြင်းများ အကျုံးဝင်ပါတယ်။ ယင်းသို့ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များဟာ လက်ရှိတရားစီရင်ရေးမှာ လိုက်နာကျင့်သုံးလျက်ရှိတဲ့ပြဋ္ဌာန်းချက်တွေလည်း ဖြစ်တဲ့အတွက်ကြောင့် စုပေါင်းပိုင်အဆောက်အအုံနဲ့ စပ်လျဉ်းပြီးတော့ ပိုင်ဆိုင်မှုနှင့် လွှဲပြောင်းနိုင်မှုအနေအထားဟာလည်း ဒီဥပဒေနှင့်အညီ တရားဝင်ခိုင်မာအောင်ဆောင်

ရွှက်ခွင့်ရှိသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အငြင်းပွားမှုတစ်စုံတစ်ရာနှင့်စပ်လျဉ်းပြီးတော့ ၁၉၄၄ ခုနှစ်၊ အနုညာတခုံရုံးအက်ဥပဒေအရ ဖြေရှင်းခြင်းနှင့် တရားမကြောင်းအရ တရားရုံးရဲ့အဆုံးအဖြတ် ခံယူဖြေရှင်းခြင်းဆိုပြီးတော့ နည်းလမ်းနှစ်ရပ် ရှိပါတယ်။ အငြင်းပွားမှုပေါ်ပေါက်လို့ရှိရင် ငွေကုန် ကြေးကျမများဘဲ ဆင်းရဲပင်ပန်းမှုမရှိဘဲနဲ့ ဖြေရှင်းနိုင်ရေးအတွက်လည်း ပိုမိုအဆင်ပြေစေနိုင်တဲ့ နည်းလမ်းတွေကိုလေ့လာတဲ့အခါမှာ အာဆီယံနိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ Mediation Centre တွေ ကနေပြီးတော့ ဖြေရှင်းဆောင်ရွက်တဲ့ နည်းလမ်းများကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ စုပေါင်းပိုင်အဆောက်အအုံမှာ နေထိုင်သူအချင်းချင်းအဆောက်အအုံနှင့် စပ်လျဉ်းပြီးတော့ အငြင်းပွား မှုဖြစ်လို့ရှိရင်သက်ဆိုင်ရာအလုပ်အမှုဆောင်ကော်မတီကနေပြီးတော့ စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင် တဲ့နည်းလမ်းကိုလည်း အငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းတစ်ရပ်အဖြစ် မူကြမ်းမှာ ထည့်သွင်းဖော်ပြ ထားပါတယ်။ ကွန်ဒိုမီနီယမ်ဥပဒေများနဲ့ စပ်လျဉ်းပြီးတော့ အခြားနိုင်ငံတွေရဲ့ ဥပဒေတွေကိုလည်း လေ့လာခဲ့ပါတယ်။ အထူးသဖြင့် အာဆီယံနိုင်ငံတွေရဲ့ ဥပဒေတွေကို လေ့လာပြီးတော့ ဥပဒေမူကြမ်းမှာ ပြည့်ပြည့်စုံစုံပါရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါဥပဒေကို စီမံခန့်ခွဲတဲ့ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပိုမိုပြည့်စုံတဲ့အချက်အလက်များပါ ရှိရန်ဆောင်ရွက်လျက်ရှိရာ ယင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် အသင့်ဖြစ်တဲ့အချိန်မှာ လွှတ်တော်ကို တင်ပြရန်ရှိမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း တင်သွင်းတဲ့အဆင့်မြင့်ကွန်ဒိုမီနီယမ် ပိုင်ဆိုင်နေထိုင်ရေးဆိုင်ရာဥပဒေအား တရားနည်း လမ်းမျှတစွာရေးဆွဲနိုင်ရေးကို သက်ဆိုင်ရာမှ စီစဉ်ပေးပါရန်အဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်ရဲ့အတည်ပြုချက်ရယူမှုဖြစ်ပါတယ်။ ဒီလိုအတည်ပြုချက်မရယူခင်မှာလည်း သက်ဆိုင်ရာ ပြည်ထောင်စုဒုတိယ ရှေ့နေချုပ်က ဒီအဆိုနဲ့စပ်လျဉ်းပြီး ဥပဒေရေးဆွဲနိုင်ရေး ဆောင်ရွက်နေတယ်လို့ ရှင်းလင်းတင်ပြသွားတဲ့အတွက် ဒီအဆိုဟာ ဆောင်ရွက်နေတဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် ဒီအဆိုသည်မှတ်တမ်းတင် အတည်ပြုရမယ်လို့ သဘောရပါတယ်။ ဒါကြောင့် ဦးအောင်ဇော်ဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင် အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဦးအောင်ဇော်ဝင်းတင်သွင်းတဲ့ အဆင့်မြင့်ကွန်ဒိုမီနီယမ် ပိုင်ဆိုင်နေထိုင်ရေးဆိုင်ရာ ဥပဒေအား တရား

နည်းလမ်းမျှတစွာ ဥပဒေပြဋ္ဌာန်းနိုင်ရေးကို သက်ဆိုင်ရာမှ စီစဉ်မှုပြုပေးပါရန်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းအားအဆို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး လွှတ်တော်အတွင်းမှာ ရောက်ရှိနေကြသော ပြည်ထောင်စုဝန်ကြီးများအားလုံး စိတ်ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့လွှတ်တော်မှာ တင်ပြမယ့်ဟာကတော့ ရေသယံဇာတနှင့်ပတ်သက်ပြီးတော့ ထိန်းသိမ်းတဲ့ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန်အတွက် အဆိုတင်သွင်းမှာဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုကို စာဖြင့်ဖတ်ကြားခွင့်ပြုပါ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံများမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေသယံဇာတရှားပါးမှုတို့ ဆက်နွယ်နေကြောင်း သိရှိလာရသည့်အလျောက် နိုင်ငံတော်အစိုးရတို့မှ ရေအရင်းအမြစ်ထိန်းသိမ်းကာကွယ်ရေးအပေါ် အလေးဂရုပြုဆောင်ရွက်လာကြပြီဖြစ်ပါသည်။ လူသားတို့အတွက် ရေမရှိလျှင် အနာဂတ်မရှိဟူသော ကြွေးကြော်သံများဖြင့် မြစ်ချောင်းများအတွင်း ရေစီး၊ ရေလာ တည်တံ့ကောင်းမွန်ရေးအပေါ် အလေးထားလာကြပါသည်။ မြန်မာနိုင်ငံသည်လည်း မဲခေါင်မြစ်ဝှမ်း သဘောတူစာချုပ်အရ မဲခေါင်မြစ်အသုံးပြုမှုများနှင့် ရေနှင့်ဆက်နွယ်နေသော အရင်းအမြစ်များကို အသုံးပြုမှုများကြောင့် ရေညစ်ညမ်းမှုနှင့် အခြားဘေးအန္တရာယ်သင့်မှုများမှ မြစ်ဝှမ်းဝန်းကျင် ကာကွယ်ရေးကို သဘောတူချုပ်ဆိုဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာတစ်ဝှမ်းရေအတွက် အလုပ်လုပ်နေသည့် အဖွဲ့အစည်းများ၏ စစ်တမ်းများအရ ချောင်း၊ မြောင်း၊ စိမ့်စမ်းများ တစ်နေ့ထက်တစ်နေ့ ရေရှားပါးလာသည့် ပြဿနာတို့ကို မဖြေရှင်းနိုင်ပါက နောင်လာမည့် နှစ်ပေါင်း ၄၀ နှင့် ၅၀ အတွင်း မြစ်ချောင်းများ၌ စီးဆင်းနေသည့် ရေစီးရေလာပမာဏတို့မှာ ၇၀ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်း သွားနိုင်ကြောင်း သိရပါတယ်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း ရေသယံဇာတနှင့် ရေအရင်းအမြစ်တို့ လျော့ပါးကျဆင်းမသွားရေးကိစ္စကို အလျင်အမြန်ဆောင်ရွက်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်မှုတို့ ရေရှည်တည်တံ့နိုင်မည်ဖြစ်ပါသည်။ ၎င်း၏အကျိုးဆက်အဖြစ် တိုင်းရင်းသားပြည်သူတို့၏ ဒေသအသီးသီးတွင် ရေအရင်းအမြစ်ကို မျှတစွာခွဲဝေအသုံးပြုနိုင်ရေး၊ ဆင်းရဲချမ်းသာမရွေးသန့်ရှင်းသော

သောက်သုံးရေရရှိရေးနှင့် အညစ်အကြေးများ သန့်ရှင်းရေးတို့ကို လူ့အခွင့်အရေးတစ်ရပ်အနေဖြင့် ခံစားရရှိနိုင်ပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လတွင်ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံအစည်းအဝေးနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် သန့်ရှင်းသောရေနှင့် ဆေးကြောသုတ်သင်ရေ ရရှိရေးတို့သည် လူ့အခွင့်အရေးနှင့် လူမှုဘဝ အပြည့်အဝရရှိရေးဆိုင်ရာအခွင့်အရေးကြီးတစ်ရပ်ဖြစ်သည်ဟု နိုင်ငံ ၁၇၈ နိုင်ငံပါ ကုလသမဂ္ဂ အထွေထွေ ညီလာခံအစည်းအဝေးကြီးက ပြဋ္ဌာန်းအသိအမှတ်ပြုခဲ့ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း ရေသယံဇာတနှင့်စပ်လျဉ်း၍ အရေးတကြီးနှင့်အဆောတလျင် ပြုပြင်စရာကိစ္စ သုံးရပ်ရှိနေပါသည်။

၁။ ရေအားလျှပ်စစ်စီမံကိန်းများကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ အကျိုးဆက်များ။

၂။ ဧရာဝတီမြစ်ညာတွင် ရွှေတူးရွှေရှာမှုများကြောင့် မြစ်ရေညစ်ညမ်းခြင်း၊ မြစ်ရေထဲတွင် ပြဒါးပါဝင်မှုမှာ ပုံမှန်ရှိသင့်သည်ထက် အဆများစွာ မြင့်တက်နေပြီး မြစ်ရိုးတစ်လျှောက်တွင် နေထိုင်ကြသော ငါးများနှင့် အခြားရေနေသတ္တဝါများတွင် ပြဒါးအဆိပ် စိမ့်ဝင်မှုများကြောင့် ငါးမျိုးတုံးလျှင်တုံး၊ မတုံးလျှင် ၎င်းတို့ကိုစားသုံးမိသော လူတို့တွင် ရောဂါအကြီးအကျယ်ဖြစ်၍ အသက် အန္တရာယ်စိုးရိမ်ရခြင်း။

၃။ ရေနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ မြစ်ရေလျှံခြင်း၊ မိုးခေါင်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းများဝင်ရောက်ခြင်း၊ မြေပြိုခြင်းအစရှိသည်တို့၏ဒဏ်မှခံနိုင်ရည်ရှိသော ရေတိုစီးပွားရေးအတွက် သမ္မာအာဇီဝဖြစ်စွာနဲ့ အကျိုးရှိရှိ၊ အသုံးချနိုင်သောရေနှင့် ပတ်သက်သည့် လွှမ်းခြုံရေးဆွဲထားသောစီမံချက် Water Master Plan တစ်ခုနှင့်ရေချိုနှင့် မြေအောက်ရေတို့ကို အဓွန့်ရှည်စွာ သုံးစွဲနိုင်ရန်အတွက် ဘက်စုံရေစီမံခန့်ခွဲမှုမဟာဗျူဟာ (Integrated Water Resources Management Strategy)တစ်ရပ်တို့ကို လိုအပ်နေပါမည်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်ပါအချက်များမှာ ရေသယံဇာတထိန်းသိမ်းရေးအတွက် အထူးလိုအပ်လျက်ရှိနေပါသည် -

(က) မြစ်ချောင်းတို့အထက်ရှိ ရေဝေသစ်တောများမပြုန်းတီးစေရန် သစ်တောသစ်ပင်များကို အမြစ်ပြတ်ခုတ်ယူခြင်းမပြုရေး၊ အပြောင်းရွှေ့သစ်ကွက်များအဖြစ် မပြုလုပ်ရန် ဖြစ်ပါသည်။

(ခ ) ခတ်သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် မြစ်ရေ၊ ချောင်းရေများ၊ မညစ်ညမ်းစေရန်။

(ဂ ) လျှပ်စစ်ခတ်အား ထုတ်လုပ်ရေးမှ ထွက်ရှိလာသော အောက်စီဂျင်ခတ်နည်းပါးသည့်ရေကာတာနှင့် ဆည်ရေတို့ ထုတ်လွှတ်မှုပမာဏနည်းပါး၍ ရေစီးရေလာလျော့ပါးကာ ငါးမျိုးစိတ်တို့အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မှ ကာကွယ်နိုင်ရေး။

(ဃ) ရေသယံဇာတ လျော့နည်းကျဆင်းလာသည့် အင်းတော်ကြီးကန်၊ အင်းလေးကန် နှင့် အဓိကမြစ်ချောင်းတို့တွင် အနိမ့်ဆုံးရေစီးရေလာနှင့် ရေဝင်မှုပမာဏသတ်မှတ်၍ နှစ်စဉ်တိုင်းတာမှုများ ထားရှိဆောင်ရွက်ရေး။

(င ) မြေအောက်ရေထုတ်ယူသုံးစွဲနေမှုတို့ကို မြေအောက်ရေ (Ground Water Level) ခိုအောင်းမှုပမာဏနှင့်ယှဉ်၍ ထုတ်ယူခွင့်ပြုရေးစသည်တို့ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိရေသယံဇာတများ အခွန့်ရှည်စွာ ထိန်းသိမ်းနိုင်ရေးနှင့်ပတ်သက်၍ အောက်ပါအဆိုတစ်ရပ်ကို လွှတ်တော်သို့ တင်သွင်းအပ်ပါသည်။ အဆို -

မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေစသည့် သဘာဝသယံဇာတတို့ကို လုပ်ငန်းသဘောအရ ပမာဏများစွာ သုံးစွဲနေမှုမှလည်းကောင်း၊ ရေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်မှုပေးနိုင်ရန်အတွက်လည်းကောင်း၊ ရေသယံဇာတအသုံးပြုမှုတို့က အများပြည်သူကောင်းကျိုးရှိမှု ရေသယံဇာတတို့ အရှည်တည်တံ့ကြွယ်ဝနိုင်ရေးအတွက် အမျိုးသားရေသယံဇာတ ထိန်းသိမ်းရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပုဇွန်တောင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးအောင်ဇင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖန်လုံအိမ်ခတ်ငွေ့များကြောင့် ပူနွေးလာသောကမ္ဘာကြီးမှာ ရာသီဥတုတွေလည်း ဖောက်ပြန်လာပါပြီ။ ရေခဲပျော်ဝင်မှုကြောင့်လည်း ရေစီးကြောင်းများလည်းပြောင်းလဲလာပါပြီ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြစ်ချောင်းများလည်း သဘာဝသယံဇာတထုတ်လုပ်မှုများကြောင့်လည်းကောင်း၊ တချို့သောစက်ရုံကစွန့်ပစ်သော ပစ္စည်းများကြောင့်လည်းကောင်း ရေထုညစ်ညမ်းမှုများ ရှိလာပါတယ်။ ထို့အပြင် ရေစီးရေလာချို့ယွင်းမှုကြောင့် ပင်လယ်ရေဝင်ရောက်

မှုများလည်း ရှိလာပါတယ်။ သို့ဖြစ်ပါ၍ စမ်းချောင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းသော အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း တင်သွင်းတဲ့အဆိုကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်(ကြာသပတေးနေ့) အစည်းအဝေးမှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်(ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။